# ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန

## လက်နက်ကိုင်ဆောင်ရေးမူ

# ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
# ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန

## လက်နက်ကိုင်ဆောင်ရေးမူ

## အခန်း ၁

## နိဒါန်း

၁။ လက်နက်ကိုင်ဆောင်ရန် လိုင်စင်များထုတ်ပေးခြင်း၊ ပါမစ်များထုတ်ပေးခြင်း၊ နိုင်ငံတော်ပိုင် လက်နက်များ ငှါးရမ်းခြင်းစသည်တို့နှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ၎င်း၏ ၁၀-၁၂-၅၉ နေ့စွဲပါ စာအမှတ်၊ စ-၁၃/၀၂၂ နှင့် ၁၁-၁၂-၅၉ နေ့စွဲပါ စာအမှတ် စ-၁၁/၀၅၈-တို့အရ လက်နက်ကိုင်ဆောင်ရေးမူတစ်ရပ်ကိုထုတ်ပြန်ခဲ့ပါသည်။ ထိုသို့ ထုတ်ပြန်ခဲ့သည့် လက်နက် ကိုင်ဆောင်ရေးမူကို ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်နှင့်အညီ ဖြစ်စေရန် ပြန်လည်စိစစ်၍ လိုအပ်သည့် ပြင်ဆင်မှု၊ ဖြည့်စွက်မှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ပြင်ဆင်မှု၊ ဖြည့်စွက်မှုများ ပြုလုပ်ခဲ့သည့် ဤလက်နက်ကိုင်ဆောင်ရေးမူကို ထပ်မံထုတ်ပြန်ရခြင်းဖြစ်ပါသည်။

၂။ တည်ဆဲလက်နက်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များတွင်ပါရှိသော ပြဋ္ဌာန်းချက်များကို ဤလက်နက်ကိုင်ဆောင်ရေး မူနှင့်အညီ လိုက်နာကျင့်သုံးရန်ဖြစ်ပါသည်။

## အခန်း ၂

## ကိုင်ဆောင်ခွင့်ပြုသော သေနတ်အမျိုးအစား

၃။ အောက်ဖော်ပြပါ သေနတ်အမျိုးအစားများကို သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသူများအား ကန့်သတ်သည့် အရေအတွက်ထက် မပိုစေဘဲ လိုင်စင်ဖြင့်သော်လည်းကောင်း၊ ပါမစ်ဖြင့်သော်လည်းကောင်း ကိုင်ဆောင်ခွင့်ပြုရန် ဖြစ်ပါသည်-

(က) **လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ပြုသော သေနတ် အမျိုးအစား**

(၁) . ၃၈ ဘိုးနှင့် ၎င်းထက် ပြောင်းဝငယ်သော ဆုံလည် သေနတ်(Irrespective of number of chambers)

(၂) . ၃၈ ဘိုး သို့မဟုတ် ၉ မီလီမီတာထက် ပြောင်းဝငယ်သော ပစ္စတိုသေနတ်၊

(၃) ၁၂ ဘိုးနှင့် ၎င်းထက် ပြောင်းဝငယ်သော ပြောင်းချောသေနတ်၊

(၄) . ၂၂ ဘိုးနှင့် ၎င်းထက်ပြောင်းဝကျယ်သော အမဲလိုက် သေနတ်၊

(၅) လေသေနတ်။

(ခ ) **ပါမစ်ဖြင့်ကိုင်ဆောင်ခွင့်ပြုသော သေနတ် အမျိုးအစား**

(၁) . ၃၈ ဘိုး သို့မဟုတ် ၉ မီလီမီတာနှင့် ၎င်းတို့ထက် ပြောင်းဝကျယ်သော ပစ္စတိုသေနတ်၊

(၂) ရိုင်ဖယ်၊

(၃) စတင်း သေနတ်၊

(၄) ကာဘိုင်သေနတ်။

**မှတ်ချက်။** ။ပါမစ်ဖြင့်ကိုင်ဆောင်ရန် ခွင့်ပြုသည့် သေနတ်သည် နိုင်ငံတော်ပိုင် သေနတ်အဖြစ်ဖြင့် သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့တွင် မှတ်ပုံတင်စာရင်းသွင်းပြီးသည့် သေနတ်ဖြစ် ရပါမည်။ ယင်းသေနတ်အမျိုးအစားကို ကိုင်ဆောင်ခွင့်ပြုထားခြင်းနှင့် ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ သိရှိလိုသောစာရင်းများကိုပေးရန် ဖြစ်ပါသည်။

၄။ အထက်ပါအပိုဒ် ၃ (က)နှင့် အပိုဒ် ၃ (ခ)တွင် ဖော်ပြပါ သေနတ်အမျိုးအစားများအပြင် အခြားသေနတ်အမျိုးအစားများ ကိုင်ဆောင်ခွင့်ပြုရေးအတွက် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် အခါအားလျော်စွာ ညွှန်ကြားသတ်မှတ်နိုင်ပါသည်။

၅။ အထက်အပိုဒ် ၃ (ခ)တွင် ဖော်ပြပါရှိသည့် ပါမစ်ဖြင့် ကိုင်ဆောင်ခွင့်ပြုသော သေနတ်အမျိုးအစားများအနက် ရိုင်ဖယ်၊ စတင်းသေနတ်နှင့် ကာဘိုင်သေနတ်များကို ဒေသဆိုင်ရာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေး ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ဒေသအလိုက် တရားဝင် ဖွဲ့စည်းထားသည့် နိုင်ငံတော်၏ လုပ်ငန်းများဆိုင်ရာ လုံခြုံမှုအဖွဲ့အစည်း၊ သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့အစည်း၊ပြည်သူ့စစ်အဖွဲ့အစည်းစသည်များကိုသာ ကိုင်ဆောင်ခွင့်ပြုရန်ဖြစ်ပါသည်။ ယင်းသေနတ်များကို ပုဂ္ဂိုလ်တစ်ဦးချင်းအား သီးခြားကိုင်ဆောင်ခွင့် ပြုမည်မဟုတ်ပါ။ သို့ရာတွင် အထူးကိစ္စရပ်အနေဖြင့် ပုဂ္ဂိုလ်တစ်ဦးချင်းအား သီးခြားကိုင်ဆောင်ခွင့်ပြုရန်လိုအပ်ပါက ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနသို့တင်ပြ၍ သဘောတူညီချက် ရယူရပါမည်။

၆။ လိုင်စင်ဖြင့်ကိုင်ဆောင်ခွင့်ပြုသည်ဖြစ်စေ၊ ပါမစ်ဖြင့်ကိုင်ဆောင်ခွင့်ပြုသည်ဖြစ်စေ သေနတ်တွင်တပ်ဆင်သော အဝေးကြည့်မှန်ပြောင်း (Telescopic Sight)နှင့် အသံတိတ်စေသောကိရိယာ(Silencer)များကို လုံးဝခွင့်မပြုပါ။

# အခန်း ၃

## သေနတ်ကိုင်ဆောင်ခွင့် လျှောက်ထားသူများအတွက် အရည်အချင်း သတ်မှတ်ချက်

၇။ လိုင်စင်ဖြင့်သော်လည်းကောင်း၊ ပါမစ်ဖြင့်သော်လည်းကောင်း သေနတ် ကိုင်ဆောင်ခွင့်ပြုရန် လျှောက်ထားသူသည် အောက်ဖော်ပြပါ အရည်အချင်း များနှင့် ပြည့်စုံမှသာ သေနတ်ကိုင်ဆောင်ခွင့်ပြုရန် ဖြစ်ပါသည်-

(က) အသက် ၁၈-နှစ် ပြည့်ပြီးသူဖြစ်ရမည် (လေသေနတ် ကိုင်ဆောင်ခွင့် လိုင်စင်အတွက် အသက် ၁၄-နှစ်ပြည့်ပြီးသူ ဖြစ်ရမည်)၊

(ခ) နိုင်ငံတော်အပေါ် သစ္စာရှိသူဖြစ်ရမည်၊

(ဂ) အကျင့်စာရိတ္တ ကောင်းမွန်သူ ဖြစ်ရမည်၊

(ဃ) လုံခြုံမှုအတွက် သေနတ်ကိုင်ဆောင်ရန် အမှန်တကယ် လိုအပ်သူ ဖြစ်ရမည်၊

(င) နိုင်ငံတော်၏လုံခြုံရေး၊ ဒေသဆိုင်ရာလုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် စည်းကမ်းသေဝပ် တည်ငြိမ်ရေးကို လက်နက် ကိုင်ဆောင်ခွင့် ပြုခြင်းအားဖြင့် အနှောင့်အယှက် ပြုနိုင်သူ မဖြစ်စေရ။

၈။ လိုင်စင်ဖြင့်သော်လည်းကောင်း၊ ပါမစ်ဖြင့်သော်လည်းကောင်း သေနတ် ကိုင်ဆောင်ခွင့်ပြုရန် လျှောက်ထားသည့် အခါတွင် အထက်အပိုဒ် ၇ ပါ အရည် အချင်း သတ်မှတ်ချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အတိုင်း ထောက်ခံချက်များ ပါရှိရပါမည်-

(က) **ပြည်သူ့ဝန်ထမ်းမဟုတ်သူများ။** ပြည်သူ့ဝန်ထမ်းမဟုတ် သူများအတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ ထောက်ခံချက်ပါရှိရပါမည်။

(ခ) **ပြည်သူ့ဝန်ထမ်းများ။** ပြည်သူ့ ဝန်ထမ်းများအတွက် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း၏ အကြီးအကဲ၏ ထောက်ခံချက်ပါရှိရပါမည်။

(ဂ) **တပ်မတော်သားများ။** တပ်မတော်သားများအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ထောက်ခံချက်ပါရှိရပါမည်။

# အခန်း ၄

## သေနတ်ကိုင်ဆောင်ခွင့်ရရှိသူများ၏တာဝန်များ

၉။ လိုင်စင်ဖြင့်သော်လည်းကောင်း၊ ပါမစ်ဖြင့်သော်လည်းကောင်း သေနတ် ကိုင်ဆောင်ခွင့်ရှိသူများတွင် အောက်ပါတာဝန်များ ရှိပါသည်-

(က) ဒေသဆိုင်ရာလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်း သေဝပ်တည်ငြိမ်ရေး ထိန်းသိမ်းစောင့်ရှောက်ရန် အလို့ငှါ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေပါဝင်ဆောင်ရွက်ရန် ညွှန်ကြားသည့်အခါတွင် လိုက်နာဆောင်ရွက်ရန် တာဝန် ရှိသည်၊

(ခ) ပြစ်မှုဆိုင်ရာမှုခင်းများနှင့် ဒုစရိုက်လုပ်ငန်းများကို တားဆီး နှိမ်နင်းရေးအတွက် မိမိနှင့်သက်ဆိုင်သော ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ၊ ဝန်ထမ်း အဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ အကူအညီတောင်းသည့် အခါ ပါဝင်ကူညီဆောင်ရွက်ရန် တာဝန်ရှိသည်၊

(ဂ) မိမိနေထိုင်ရာ ရပ်ကွက်/ကျေးရွာ သို့မဟုတ် မိမိလက်ဝယ် သေနတ် ကိုင်ဆောင်ထားချိန်၌ မိမိရောက်ရှိနေသည့် နေရာ ဒေသ တစ်ခုခုတွင် ပြည်သူလူထု၏ အသက်အိုးအိမ် နှင့် ပြည်သူပိုင်ပစ္စည်းများ၊ သမဝါယမပိုင် ပစ္စည်းများနှင့် အများပိုင် ပစ္စည်းများကို အန္တရာယ်ပြု ဖျက်ဆီးနေသူများကို တွေ့ရှိလျှင် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ချမှတ် ထားသည့် စည်းကမ်းဘောင်အတွင်းမှ မိမိ၏စွမ်းအားရှိ သရွေ့လိုအပ်သလို ပါဝင်ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။

## အခန်း ၅

## ကိုင်ဆောင်ခွင့်ပြုသောသေနတ်အရေအတွက်နှင့် ယမ်းတောင့်အရေအတွက်

၁၀။ **သေနတ်အရေအတွက်**။ ပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်လည်းကောင်း ကိုင်ဆောင်ခွင့်ပြုသော သေနတ်အရေအတွက်ကို အောက်ပါအတိုင်း သတ်မှတ်ပါသည်-

(က) **တစ်ဦးချင်း ကိုင်ဆောင်ခွင့်ပြုသော သေနတ်အရေအတွက်**

(၁) ပြည်သူ့ဝန်ထမ်းမဟုတ်သူဖြစ်လျှင် အထက်အပိုဒ် ၃(က)ပါ လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ပြုသော သေနတ်အမျိုးအစားများအနက် ကြိုက်နှစ်သက်ရာ သေနတ်အမျိုးအစား ၃ လက်အထိ ကိုင်ဆောင်ခွင့်ပြုနိုင်ပါသည်၊

(၂) ပြည်သူ့ဝန်ထမ်းဖြစ်လျှင် အထက်အပိုဒ် ၃(က)ပါ လိုင်စင်ဖြင့်ကိုင်ဆောင်ခွင့်ပြုသော သေနတ် အမျိုးအစားများအနက် ကြိုက်နှစ်သက်ရာ သေနတ်အမျိုး အစား ၃ လက်အထိကိုသော်လည်းကောင်း၊ အထက်အပိုဒ် ၃(ခ)(၁)ပါ ပါမစ်ဖြင့် ကိုင်ဆောင်ခွင့်ပြုသော သေနတ်အမျိုးအစား ၁ လက်ကိုသော်လည်းကောင်း ကိုင်ဆောင်ခွင့်ပြုနိုင်ပါသည်၊

(၃) မည်သူမဆို လိုင်စင်ဖြင့်သော်လည်းကောင်း၊ ပါမစ်ဖြင့်သော်လည်းကောင်း မျိုးတူသေနတ် အမျိုးအစား ၁ လက်ထက် ပိုမိုကိုင်ဆောင်ခွင့်မရှိစေရ။

(ခ) **အဖွဲ့အစည်းအနေဖြင့် ကိုင်ဆောင်ခွင့်ပြုသော သေနတ် အရေအတွက်**

(၁) ဒေသဆိုင်ရာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးထိန်းသိမ်းစောင့်ရှောက်မှုအတွက် ဒေသအလိုက် တရားဝင်ဖွဲ့စည်းထားသည့် နိုင်ငံတော်၏ လုပ်ငန်းများဆိုင်ရာ လုံခြုံမှုအဖွဲ့ အစည်းများအား အထက်အပိုဒ် ၃(ခ)ပါ ပါမစ်ဖြင့် ကိုင်ဆောင်ခွင့်ပြုသော သေနတ်အမျိုးအစားများကို ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနမှသော် လည်းကောင်း၊ ၎င်းကိစ္စအတွက် တာဝန်ပေးအပ်ခြင်းခံရသော အဖွဲ့မှသော် လည်းကောင်း သင့်လျော်သလို သတ်မှတ်ပေးသည့် အရေအတွက် အတိုင်းကိုင်ဆောင်ခွင့်ပြုနိုင်ပါသည်၊

(၂) ယင်းသို့ ပါမစ်ဖြင့် ကိုင်ဆောင်ခွင့်ပြုထားသည့် သေနတ်များကို ဆက်လက်ကိုင်ဆောင်ခွင့်ပြုရန် မလိုအပ်သည့်အခါ ယင်းသေနတ်များကို ပါမစ်နှင့်တကွ သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့သို့ ပြန်လည်အပ်နှံစေရန် ဖြစ်ပါသည်။ **(တပ်မတော်မှ ထုတ်ပေးထားသည့် လက်နက်များ အကျုံးမဝင်ပါ)၊**

(၃) သောင်းကျန်းသူဆန့်ကျင်ရေး အဖွဲ့အစည်းများနှင့် ပြည်သူ့စစ်အဖွဲ့အစည်းများအားသေနတ်လက်နက် ကိုင်ဆောင်ခွင့်ပြုခြင်းကို ကာကွယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်ရန်ဖြစ်ပါသည်။

၁၁။ **ယမ်းတောင့်အရေအတွက်**။ သေနတ်အမျိုးအစား အသီးသီး အတွက် အများဆုံးထားရှိခွင့်ပြုသည့် ယမ်းတောင့်အရေအတွက်ကို အောက်ပါ အတိုင်း သတ်မှတ်ပါသည်-

(က) **လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ပြုသည့် သေနတ်များ အတွက် အများဆုံးထားရှိခွင့်ပြုသည့် ယမ်းတောင့် အရေအတွက်**

| | | |
|---|---|---|
| (၁) | ဆုံလည်သေနတ် | - ၅၀ |
| (၂) | ပစ္စတိုသေနတ် | - ၅၀ |
| (၃) | . ၁၂ဘိုးနှင့် ၎င်းထက်ပြောင်းငယ်သော ပြောင်းချောသေနတ် | - ၅၀ |
| (၄) | . ၂၂ အမဲလိုက်သေနတ် | - ၁၀၀ |
| (၅) | . ၂၂ ထက်ပြောင်းဝကျယ်သော အမဲလိုက်သေနတ် | - ၁၀၀ |

(ခ ) **ပါမစ်ဖြင့်ကိုင်ဆောင်ခွင့်ပြုသော သေနတ်များအတွက် အများဆုံးထားရှိခွင့်ပြုသည့်ယမ်းတောင့်အရေအတွက်**

| | | |
|---|---|---|
| (၁) | ပစ္စတိုသေနတ် | - ၅၀ |
| (၂) | ရိုင်ဖယ် | - ၁၀၀ |
| (၃) | စတင်းသေနတ် | - ၁၀၀ |
| (၄) | ကာဘိုင်သေနတ် | - ၁၀၀ |

(ဂ ) အထက်ဖော်ပြပါ သေနတ်အမျိုးအစားအလိုက် အများဆုံး ထားရှိခွင့်ပြုသည့် ယမ်းတောင့်အရေအတွက်ထက် ပိုမို ကိုင်ဆောင်လိုပါက ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီး ဌာန၏ ကြိုတင်သဘောတူညီချက်ရယူ၍ ကိုင်ဆောင်ခွင့်ပြု ရန် ဖြစ်ပါသည်။

## အခန်း(၆)

## လက်ဆောင်သေနတ်များ(Gift Guns)နှင့် ဆုသေနတ်များ(Reward Guns)

၁၂။ **လက်ဆောင်သေနတ်များ (Gift Guns)**။ လက်ဆောင်သေနတ်များနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) နိုင်ငံခြားအစိုးရမှ လက်ဆောင်အဖြစ်ပေး၍ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်က အသိအမှတ်ပြုသောသေနတ်များကို လိုင်စင်ဖြင့်ကိုင်ဆောင်ခွင့်ပြုရန် ဖြစ်ပါသည်။ သို့သော် ယင်းသေနတ်များသည် တပ်မတော်သုံးစစ်လက်နက် အမျိုးအစားမဖြစ်စေရပါ၊

(ခ) ယင်းသေနတ်များကို အထက်အပိုဒ် ၁၀ တွင် ကန့်သတ်ထားသည့် သေနတ်အရေအတွက်တွင် ထည့်သွင်းတွက်ချက်ခြင်း မပြုရန်ဖြစ်ပါသည်၊

(ဂ) လက်ဆောင်သေနတ်ကိုင်ဆောင်သူ ကွယ်လွန်သွားလျှင်သော်လည်းကောင်း၊ အသက်အရွယ်ကြီး၍ ဆက်လက်မကိုင်ဆောင်လိုလျှင်သော်လည်းကောင်း ယင်းသေနတ်ကို သက်ဆိုင် ရာ ပြည်သူ့ရဲတပ်ဖွဲ့သို့ ပြန်လည်အပ်နှံရပါမည်၊

(ဃ) လက်ဆောင်သေနတ်ကို အခြားသူ တစ်ဦးဦးအား လွှဲပြောင်းပေးခြင်း မပြုနိုင်ပါ။

၁၃။ **ဆုသေနတ်များ (Reward Guns)**။ ဆုသေနတ်များနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်က ဆု အဖြစ် ချီးမြှင့်သည့် သေနတ်များကို လိုင်စင် ကင်းလွတ်ခွင့် လက်မှတ်(Exemption Certificate)ဖြင့် ကိုင်ဆောင်ခွင့်ပြုရန် ဖြစ်ပါသည်၊

(ခ ) ယင်းသေနတ်များကို အထက်အပိုဒ် ၁၀ တွင် ကန့်သတ်ထား သည့် သေနတ်အရေအတွက်တွင် ထည့်သွင်း တွက်ချက်ခြင်း မပြုရန် ဖြစ်ပါသည်၊

(ဂ ) ဆုသေနတ်များ လွှဲပြောင်း ကိုင်ဆောင်ခွင့် ပြုခြင်းနှင့် ပတ် သက်၍ သီးခြား သတ်မှတ်ထားသည့် စည်းကမ်းချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

## အခန်း ၇

## လွှဲပြောင်းကိုင်ဆောင်ခွင့် စည်းကမ်းများ

၁၄။ **ဆုသေနတ်များ လွှဲပြောင်းကိုင်ဆောင်ခွင့်**။ ဆုသေနတ်များ လွှဲပြောင်းကိုင်ဆောင်ခွင့်နှင့် ပတ်သက်၍ အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) ဆုသေနတ် ကိုင်ဆောင်သူ သေဆုံးသွားလျှင်ဖြစ်စေ သို့မဟုတ် ထိုသူသည် ယင်းဆုသေနတ်ကို ဆက်လက်ကိုင်ဆောင်ခြင်း မပြုလိုလျှင်ဖြစ်စေ ဆုသေနတ်ကိုင်ဆောင်သူ၏ ဇနီး/ခင်ပွန်း သို့မဟုတ် သားရင်း သမီးရင်း တစ်ဦးဦး အနေဖြင့် အမွေစား အမွေခံ အဖြစ်သော်လည်းကောင်း၊ သားစဉ်မြေးဆက် အမှတ်တရ ပစ္စည်းတစ်ခုအနေဖြင့်သော်လည်းကောင်း လွှဲပြောင်းကိုင်ဆောင်လိုပါက ယင်းသို့ကိုင်ဆောင်လိုကြောင်း လျှောက်ထားရပါမည်၊

(ခ ) ယင်းသို့ လျှောက်ထားလာပါက လျှောက်ထားသူ၏ အခြေအနေပေါ်မူတည်၍ စိစစ်ကာဆုသေနတ်ကို ဆက်လက်ထိန်းသိမ်းကိုင်ဆောင်ထိုက်သူဖြစ်ပါက လိုင်စင်ကင်းလွတ်ခွင့်လက်မှတ်(Exemption Certificate)ဖြင့်ပင် လွှဲပြောင်းကိုင်ဆောင်ခွင့်ပြုရန်ဖြစ်ပါသည်၊

(ဂ ) အကယ်၍ လျှောက်ထားသူသည် ဆုသေနတ်ကို ဆက်လက်ထိန်းသိမ်းကိုင်ဆောင်ခွင့် မပြုထိုက်သူဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါဆုသေနတ်ကို သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့သို့ အပ်နှံစေရပါမည်။

၁၅။ **ဓလေ့ထုံးစံအရ သေနတ်များ လွှဲပြောင်းကိုင်ဆောင်ခွင့်**။ ဓလေ့ ထုံးစံအရ သေနတ်များ လွှဲပြောင်း ကိုင်ဆောင်ခွင့်နှင့် ပတ်သက်၍ အောက်ပါ အတိုင်း စိစစ်ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) ၁၉၀၇ ခု၊ ကျေးရွာအက်ဥပဒေ အာဏာမသက်ရောက်သည့် ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးစုများ သည် မိမိတို့၏ လူမျိုးစု အစဉ်အဆက် လိုက်နာကျင့်သုံး ကြ သော ဓလေ့ထုံးစံအရ မိမိတို့၏ မိဘဘိုးဘွားများ ကိုင်ဆောင် ခဲ့ကြသည့် သေနတ်များကို သားစဉ်မြေးဆက် ဆက်ခံထိန်းသိမ်းကိုင်ဆောင်လိုပါက ယင်းသို့ ကိုင်ဆောင် လိုကြောင်း လျှောက်ထားရပါမည်၊

(ခ ) ယင်းသို့ လျှောက်ထားလာပါက လျှောက်ထားသူ၏ လူမျိုးစု ဆိုင်ရာဓလေ့ထုံးစံများနှင့်အညီ စိစစ်လျက် သားစဉ် မြေးဆက် ဆက်ခံထိန်းသိမ်း ကိုင်ဆောင်ထိုက်သူဖြစ်ပါက သေနတ်အမျိုးအစားအလိုက် လိုင်စင်ဖြင့်ဖြစ်စေ၊ ပါမစ်ဖြင့် ဖြစ်စေ လွှဲပြောင်းကိုင်ဆောင်ခွင့်ပြုရန် ဖြစ်ပါသည်၊

(ဂ ) အကယ်၍ လျှောက်ထားသူသည် သားစဉ်မြေးဆက် ဆက်ခံ ထိန်းသိမ်းကိုင်ဆောင်ခွင့် မပြုထိုက်သူဖြစ်ကြောင်း စိစစ် တွေ့ရှိရပါက အဆိုပါသေနတ်ကို သက်ဆိုင်ရာပြည်သူ့ ရဲတပ်ဖွဲ့သို့ အပ်နှံစေရပါမည်။

၁၆။ **အခြားနည်းဖြင့် လွှဲပြောင်းကိုင်ဆောင်ခွင့်။** ။ လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ပြုသောသေနတ်များကိုလက်ရှိကိုင်ဆောင်ခွင့်ရထားသူတစ်ဦးဦးမှ အခမဲ့ရယူခြင်းဖြင့်သော်လည်းကောင်း၊ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း လွှဲပြောင်းကိုင်ဆောင်ခွင့် လျှောက်ထားသည့် ကိစ္စရပ်တွင် အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) သေနတ် လွှဲပြောင်းပေးမည့်သူနှင့် သေနတ် လွှဲပြောင်းကိုင် ဆောင်မည့်သူတို့သည် အကြောင်းအရာ ပြည့်စုံစွာ ဖော်ပြ၍ လျှောက်ထားရပါမည်၊

(ခ) လွှဲပြောင်း ကိုင်ဆောင်ခွင့်ပြုရန် လျှောက်ထားသည့် သေနတ်သည် လျှောက်ထားသည့် အချိန်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်အတိုင်း ကိုင်ဆောင်ခွင့်လိုင်စင် လဲလှယ်ပြီးသည့် သေနတ်ဖြစ်ရပါမည်။ ကိုင်ဆာင်ခွင့်လိုင်စင် သက်တမ်း ကုန်ဆုံးနေသည့် သေနတ်ကို လွှဲပြောင်း ကိုင်ဆောင်ခွင့် မပြုရန် ဖြစ်ပါသည်၊

(ဂ) ယာယီသိမ်းဆည်းထားသော သို့မဟုတ် ယာယီအပ်နှံထားသော သေနတ်ဖြစ်ပါက လွှဲပြောင်းကိုင်ဆောင်ခွင့်မပြုရန် ဖြစ်ပါသည်။ အကယ်၍ ယင်းသေနတ်အမျိုးအစားကို လွှဲပြောင်းကိုင်ဆောင်ခွင့်ပြုလိုပါက ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင် ရယူရပါမည်။

(ဃ) လွှဲပြောင်းကိုင်ခွင့်လျှောက်ထားသူသည် အပိုဒ် ၇ နှင့် အပိုဒ် ၈ တွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များနှင့် ညီညွတ်သူ ဖြစ်ရပါမည်။

## အခန်း ၈

## နိုင်ငံခြားမှ သေနတ်လက်နက်နှင့် ခဲယမ်းမီးကျောက်များ ဝယ်ယူတင်သွင်းခွင့်

၁၇။ ယခင် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀-၈-၆၉ နေ့စွဲပါ စာအမှတ် ၁၂၀/၃/ ဦး ၁ အရ အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံခြားသို့ ရောက်ရှိနေသူများသည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သို့ အပြန်တွင် နိုင်ငံခြားမှ သေနတ်လက်နက်နှင့် ခဲယမ်းမီးကျောက်များ ဝယ်ယူလာခြင်းမပြုရန် ပိတ်ပင် တားမြစ်ထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကိစ္စအလို့ငှါ နောက်ထပ် ညွှန်ကြားချက် တစုံတရာ ထုတ်ပြန်ခြင်း မပြုမီအတွင်း ယင်းပိတ်ပင်တားမြစ်ချက်သည် ဆက်လက်အတည်ဖြစ်ပါသည်။

၁၈။ သို့ရာတွင် နိုင်ငံတော်၏ ဝန်ထမ်းအဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းများအတွက် သော်လည်းကောင်း၊ နိုင်ငံတော်၏ ခွင့်ပြုချက်အရ နိုင်ငံခြားတိုင်းပြည်များ၌ ပါဝင်ယှဉ်ပြိုင်ရသည့် သေနတ်ပစ် အသင်းအဖွဲ့များအတွက်သော်လည်းကောင်း သေနတ်လက်နက်နှင့် ခဲယမ်းမီးကျောက်များကို နိုင်ငံခြားမှ ဝယ်ယူတင်သွင်းရန် လိုအပ်ပါက ယင်းသို့လိုအပ်ကြောင်း အကျိုးအကြောင်း ဖော်ပြ၍ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ လျှောက်ထားရပါမည်။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက လိုအပ်သည့်စိစစ်မှုများ ပြုလုပ်၍ နိုင်ငံခြားမှ သေနတ်နှင့် ခဲယမ်းမီးကျောက်များ ဝယ်ယူတင်သွင်းခွင့် ပါမစ် ထုတ်ပေးမည်ဖြစ်ပါသည်။

## အခန်း ၉

## သေနတ်ကိုင်ဆောင်ခွင့် လိုင်စင်/ပါမစ် လျှောက်ထားခြင်းဆိုင်ရာ

## လုပ်ထုံးလုပ်နည်း

၁၉။ **သေနတ်ကိုင်ဆောင်ခွင့် လိုင်စင် လျှောက်ထားခြင်း။** အခန်း ၂ အပိုဒ် ၃(က)အရ လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ပြုသော သေနတ်များအတွက် လိုင်စင်လျှောက်ထားလာပါက အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) သေနတ်ကိုင်ဆောင်ခွင့် လိုင်စင်လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို ဖော်ပြ၍ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးထံသို့ လျှောက်ထားရပါမည်-

(၁) အမည်၊
(၂) အသက်၊
(၃) အဘအမည်၊
(၄) လူမျိုး၊
(၅) ကိုးကွယ်သည့်ဘာသာ၊
(၆) အလုပ်အကိုင်၊
(၇) နေရပ်လိပ်စာ၊
(၈) အမျိုးသားမှတ်ပုံတင်အမှတ်၊
(၉) သေနတ်လွှဲပြောင်းပေးမည့်သူ အမည်၊
(၁၀) သေနတ်အမျိုးအစား၊
(၁၁) သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်အမှတ်၊
(၁၂) သေနတ်ကိုင်ဆောင်ခွင့်ပြုစေလိုသည့်ဒေသ၊
(၁၃) သေနတ်လွှဲပြောင်းခြင်းအကြောင်း။

**မှတ်ချက်**။ ပြည်သူ့ဝန်ထမ်းများနှင့် တပ်မတော်သားများ သည် သက်ဆိုင်ရာမှတစ်ဆင့် လျှောက်ထားရန် ဖြစ်ပါသည်။

(ခ) မြို့နယ်ပြည်သူ့ ရဲတပ်ဖွဲ့မှူးသည် သေနတ်ကိုင်ဆောင်ခွင့် လိုင်စင်လျှောက်ထားသည့်ကိစ္စများကို ဤညွှန်ကြားချက်ပါ သတ်မှတ်ချက်များနှင့် ညီမညီစိစစ်၍ သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရပါမည်၊

(ဂ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် ယင်းလုပ်ငန်းကို လုပ်ဆောင်ရန် တာဝန်လွှဲအပ်ထားသည့် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်များ သည် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးက သေနတ် ကိုင်ဆောင်ခွင့် လိုင်စင်လျှောက်ထားသည့် ကိစ္စများကို စိစစ် တင်ပြလာသောအခါ သက်ဆိုင်ရာ မြို့နယ်အတွင်း သို့မဟုတ် သက်ဆိုင်ရာပြည်နယ်/တိုင်း အတွင်းရှိ အချို့သော မြို့နယ်များအတွင်း သို့မဟုတ် သက်ဆိုင်ရာ ပြည်နယ်/တိုင်းတဝန်းလုံးအတွင်း လိုင်စင်ထုတ်ပေးရန် သင့် မသင့် ဆုံးဖြတ်၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပြည်သူ့ ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရပါမည်၊

(ဃ) ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် ယင်းလုပ်ငန်းကို လုပ်ဆောင်ရန် တာဝန်လွှဲအပ် ထားသည့် ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှု ဆောင် အဖွဲ့ဝင်များသည် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ ကောင်စီအလုပ်အမှုဆောင်အဖွဲ့များက သေနတ် ကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားသည့် ကိစ္စများကို တင်ပြလာသောအခါ ပြည်နယ်/တိုင်းအတွင်းရှိ မြို့နယ် တစ်ခုအတွင်း(သို့မဟုတ်) ပြည်နယ်/တိုင်းအတွင်းရှိ မြို့နယ်အချို့အတွင်း သို့မဟုတ် ပြည်နယ်/တိုင်းတဝန်းလုံး အတွင်း သေနတ်ကိုင်ဆောင်ခွင့် လိုင်စင်ထုတ်ပေးရန် သင့် မသင့် ဆုံးဖြတ်ရန်ဖြစ်ပါသည်။

(င) ပြည်နယ်/တိုင်းအတွင်းရှိ မြို့နယ်တစ်ခုအတွင်း သို့မဟုတ် ပြည်နယ်/တိုင်းအတွင်းရှိ မြို့နယ်အချို့အတွင်း သို့မဟုတ် ပြည်နယ်/တိုင်းတစ်ဝန်းလုံးအတွင်း သေနတ်ကိုင်ဆောင်ခွင့် လိုင်စင် ထုတ်ပေးသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဆုံးဖြတ် ချက်နှင့်အညီ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပြည်သူ့ရဲတပ်ဖွဲ့ မှူးသည် သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်ကို လိုအပ်သလို လက်မှတ်ရေးထိုး ထုတ်ပေးပြီးလျှင် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးများထံသို့ အကြောင်းကြား၍ မှတ်ပုံတင် စေရပါမည်၊

(စ) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် တဝန်းလုံး အတွင်း သေနတ်ကိုင်ဆောင်ခွင့်လိုင်စင် ထုတ်ပေးသင့် ကြောင်း ထောက်ခံရန် ဆုံးဖြတ်သည့်ကိစ္စများတွင် ပြည်နယ်/တိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် ယင်းလုပ်ငန်းကိုလုပ်ဆောင်ရန် တာဝန်လွှဲအပ် ထားသည့် ပြည်နယ်/တိုင်းပြည်သူ့ကောင်စီအလုပ် အမှုဆောင်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်များနှင့်အတူ ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြရပါမည်၊

(ဆ) ပြည်ထောင်စုဆိုရှယ်လစ်သမ္မမြန်မာနိုင်ငံတော်တဝန်းလုံး အတွင်း သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်များကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင် ဖွဲ့စည်းထားသည့် စိစစ်ရေးအဖွဲ့က လိုအပ်သလို ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၂၀။ **သေနတ်ကိုင်ဆောင်ခွင့်ပါမစ်လျှောက်ထားခြင်း။** အခန်း ၂ အပိုဒ် ၃(ခ) (၁)အရ ပါမစ်ဖြင့် ကိုင်ဆောင်ခွင့်ပြုသော သေနတ်များအတွက် ပါမစ်လျှောက်ထားလာပါက အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) ပါမစ်ဖြင့်သာကိုင်ဆောင်ခွင့်ပြုရန် သတ်မှတ်သော သေနတ်ကို လိုင်စင်ဖြင့် ကိုင်ဆောင်ထားသူသည် ယင်းသေနတ်ကိုဆက်လက် ကိုင်ဆောင်ခွင့်ပြုရန် ပါမစ်လျှောက်ထားလိုပါက ရှေးဦးစွာ အဆိုပါသေနတ်ကို သက်ဆိုင်ရာမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့တွင် အပ်နှံ၍ နိုင်ငံတော်ပိုင်သေနတ်အဖြစ် မှတ်ပုံတင်ရပါမည်။ ယင်းသို့ နိုင်ငံတော်ပိုင်သေနတ်အဖြစ် မှတ်ပုံတင်ပြီးမှသာလျှင် ယင်းသေနတ်ကိုင်ဆောင်ခွင့်ပါမစ် လျှောက်ထားနိုင်ပါသည်။

(ခ) သေနတ်ကိုင်ဆောင်ခွင့်ပါမစ် လျှောက်ထားသူသည် အောက်ပါအချက်အလက်များကိုဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးထံသို့ လျှောက်ထားရပါမည်-

(၁) အမည်၊
(၂) အသက်၊
(၃) အဘအမည်၊
(၄) လူမျိုး၊
(၅) ကိုးကွယ်သည့်ဘာသာ၊
(၆) အလုပ်အကိုင်၊
(၇) နေရပ်လိပ်စာ၊
(၈) အမျိုးသားမှတ်ပုံတင်အမှတ်၊
(၉) သေနတ်အမျိုးအစား/ဘိုး/နံပါတ်၊
(၁၀) သေနတ်မှတ်ပုံတင်ထားသော ပြည်သူ့ရဲတပ်ဖွဲ့၊
(၁၁) သေနတ်ကိုင်ဆောင်ခွင့်ပြုစေလိုသည့်ဒေသ၊
(၁၂) သေနတ်ကိုင်ဆောင်လိုခြင်းအကြောင်းပြချက်။
(၁၃) သက်ဆိုင်ရာ အဖွဲ့အစည်း/ဌာန ထောက်ခံချက်။

(ဂ) သေနတ်ကိုင်ဆောင်ခွင့် ပါမစ်လျှောက်ထားချက်နှင့် ပတ်သက်၍ အထက်အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)မှ (စ)တွင် သတ်မှတ်ထားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၂၁။ **အဖွဲ့အစည်းအနေဖြင့် ကိုင်ဆောင်ခွင့်ပြုသော သေနတ်များအတွက် ပါမစ်လျှောက်ထားခြင်း။** အဖွဲ့အစည်းအနေဖြင့် ကိုင်ဆောင်ခွင့် ပြုသော သေနတ်များအတွက် ပါမစ်လျှောက်ထားလာပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် လိုအပ်သည့် စိစစ်မှုများ ပြုလုပ်ပြီးလျှင် သတ်မှတ်သည့်အတိုင်း ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနသို့ လည်းကောင်း၊ ဤကိစ္စအလို့ငှါ ဆောင်ရွက်ရန် တာဝန်ပေးအပ် ခြင်းခံရသည့် အဖွဲ့အစည်းသို့လည်းကောင်း ဆက်လက် ပေးပို့ရန် ဖြစ်ပါသည်။

၂၂။ **ဆုသေနတ်များ(Reward Guns)အတွက် လွှဲပြောင်းကိုင်ဆောင်နိုင်ရန် လိုင်စင်ကင်းလွတ်ခွင့်လက်မှတ် (Exemption Certificate) လျှောက်ထားခြင်း။** အခန်း ၆ အပိုဒ် ၁၃ တွင် သတ်မှတ်ထားသော ဆုသေနတ်များ (Reward Guns)ကို လွှဲပြောင်း ကိုင်ဆောင်ခွင့်ပြုရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) ဆုသေနတ်များ(Reward Guns)ကို လွှဲပြောင်း ကိုင်ဆောင်ရန်အတွက် လျှောက်ထားသူသည် အောက်ပါအချက်များကို ဖော်ပြ၍ သက်ဆိုင်ရာမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးထံသို့ လျှောက်ထားရပါမည်-

(၁) အမည်၊
(၂) အသက်၊
(၃) အဘအမည်၊
(၄) လူမျိုး၊
(၅) ကိုးကွယ်သည့်ဘာသာ၊
(၆) အလုပ်အကိုင်၊
(၇) နေရပ်လိပ်စာ၊
(၈) အမျိုးသားမှတ်ပုံတင်အမှတ်၊
(၉) သေနတ်လွှဲပြောင်းပေးမည့်သူအမည်၊

(၁၀) ဆွေမျိုးတော်စပ်ပုံ၊

(၁၁) သေနတ်အမျိုးအစား/ဘိုး/နံပါတ်၊

(၁၂) လိုင်စင်ကင်းလွတ်ခွင့်လက်မှတ်(Exemption Certificate)နံပါတ်နှင့် ထုတ်ပေးသည့် အာဏာပိုင်၊

(၁၃) သေနတ်ကိုင်ဆောင်ခွင့်ပြုစေလိုသည့် ဒေသ၊

(၁၄) လွှဲပြောင်းကိုင်ဆောင်လိုခြင်းအကြောင်း၊

(၁၅) သက်ဆိုင်ရာအဖွဲ့အစည်း/ဌာနအကြီးအကဲ၏ ထောက်ခံချက်(လိုအပ်လျှင်)။

(ခ) မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးသည် ဆုသေနတ်များ(Reward Guns) လွှဲပြောင်းကိုင်ဆောင်ခွင့် လျှောက်ထားသည့်ကိစ္စများကို ဤညွှန်ကြားချက်တွင်ပါရှိသော သတ်မှတ်ချက်များနှင့် ညီ မညီစိစစ်၍ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရပါမည်၊

(ဂ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် ယင်းလုပ်ငန်းကို လုပ်ဆောင်ရန် တာဝန်လွှဲထားသည့် မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင် အဖွဲ့ဝင်များ သည် လွှဲပြောင်းကိုင်ဆောင်ခွင့်ပြုရန် ထောက်ခံသင့် မသင့်ဆုံးဖြတ်၍ သက်ဆိုင်ရာပြည်နယ်/တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရပါမည်၊

(ဃ) ပြည်နယ်/တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် ယင်းလုပ်ငန်းကိုလုပ်ဆောင်ရန် တာဝန်လွှဲအပ်ခြင်းခံရသော ပြည်နယ်/တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်များက ဆုသေနတ်များ (Reward Guns)လွှဲပြောင်း ကိုင်ဆောင်ခွင့်ပြုရန်ကိစ္စကို ထောက်ခံ တင်ပြလာသောအခါ လွှဲပြောင်းကိုင်ဆောင်ခွင့်ပြုရန်သင့် မသင့်ဆုံးဖြတ်ရန်ဖြစ်ပါသည်။

(င) ပြည်နယ်/တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့မဟုတ် ယင်းလုပ်ငန်းကိုလုပ်ဆောင်ရန် တာဝန်လွှဲထားသည့် ပြည်နယ်/တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များက လွှဲပြောင်းကိုင်ဆောင်ခွင့်ပြုရန်သင့်ကြောင်း ဆုံးဖြတ်ပါက ပြည်နယ်/တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးသည် လျှောက်ထားသူအား လိုင်စင်ကင်းလွတ်ခွင့်လက်မှတ်(Exemption Certificate)ကို လိုအပ်သလိုလက်မှတ်ရေးထိုးထုတ်ပေး၍ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားမှတ်ပုံတင်စေရပါမည်၊

(စ) အကယ်၍ လိုင်စင်ကင်းလွတ်ခွင့်လက်မှတ်(Exemption Certificate)ကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် တဝန်းလုံးအတွက်ထုတ်ပေးရန်ဖြစ်ပါကပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ တင်ပြရပါမည်။

၂၃။ **ခလေ့ထုံးစံအရ သေနတ်များလွှဲပြောင်းကိုင်ဆောင်ခွင့်လျှောက်ထားခြင်း။** ခလေ့ထုံးစံအရ သေနတ်များလွှဲပြောင်းကိုင်ဆောင်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်ဖြစ်ပါက အပိုဒ် ၁၉ အရ လည်းကောင်း၊ သေနတ်ကိုင်ဆောင်ခွင့်ပါမစ်ဖြစ်ပါက အပိုဒ် ၂၀ အရလည်းကောင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

၂၄။ **တပ်မတော်မှအငြိမ်းစားယူသည့် တပ်မတော်သားများအားလိုင်စင် ထုတ်ပေးခြင်း။** တပ်မတော်တွင် အမှုထမ်းဆောင်လျက်ရှိသော တပ်မတော် သားများအနေဖြင့် တပ်မတော်တွင် အမှုထမ်းဆောင်နေစဉ်အတွင်း မိမိတို့ ကိုယ်ပိုင်သေနတ်များကို တပ်မတော်၏ ခွင့်ပြုချက်အရစစ်ဘက်လိုင်စင်ဖြင့် ကိုင်ဆောင်လျက်ရှိရာ တပ်မတော်မှ အငြိမ်းစားယူသည့်အခါ အရပ်ဘက်လိုင်စင်ဖြင့် ဆက်လက်ကိုင်ဆောင်ခွင့်ပြုရန်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)၏၂၉-၁-၆၈ နေ့စွဲပါစာအမှတ်၊ ၃၀၂၉/၂၁/ဦး ၃ အစည်းအဝေးဆုံးဖြတ်ချက်

အပိုဒ်(က)အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် ကာကွယ်ရေးဝန်ကြီး ဌာနတို့မှ ထောက်ခံချက်အရ ဤညွှန်ကြားချက် တွင် ဖော်ပြပါရှိသည့် မူများနှင့်အညီ လိုင်စင်/ပါမစ်ထုတ်ပေးရေးအတွက် ဆက်လက် ဆောင်ရွက် ပေးရန် ဖြစ်ပါသည်။

## အခန်း ၁၀

## လက်နက်များအပ်နှံခြင်း

၂၅။ **ကိုယ်ပိုင်လက်နက်များအပ်နှံခြင်း။** သေနတ်ကိုင်ဆောင်ခွင့် လိုင်စင် သို့မဟုတ် လိုင်စင်ကင်းလွတ်ခွင့်လက်မှတ်(Exemption Certificate) ရထားသော ပုဂ္ဂိုလ်တစ်ဦးသည် မိမိကိုင်ဆောင်ခွင့်ရထားသော သေနတ်ကိုင်ဆောင်ခွင့် လိုင်စင် သို့မဟုတ် လိုင်စင်ကင်းလွတ်ခွင့် လက်မှတ် (Exemption Certificate) ဖျက်သိမ်းခြင်းခံရလျှင်သော် လည်းကောင်း၊ မိမိကိုင်ဆောင်လျှက်ရှိသည့် သေနတ် ကို ထိန်းသိမ်းကိုင်ဆောင်နိုင်သည့် ကာယဉာဏစွမ်းအားမရှိလျှင်သော်လည်းကောင်း သေနတ်နှင့်တကွ သေနတ်ကိုင်ဆောင်ခွင့်လိုင်စင် သို့မဟုတ် လိုင်စင် ကင်းလွတ်ခွင့် လက်မှတ် (Exemption Certificate)နှင့်တကွ သက်ဆိုင်ရာပြည်သူ့ ရဲတပ်ဖွဲ့သို့ အပ်နှံရပါမည်။

၂၆။ **အငှါးလက်နက်အပ်နှံခြင်း။** သေနတ်ကိုင်ဆောင်ခွင့်ပါမစ်ဖြင့် အငှါးသဘောထုတ်ပေးထားသောသေနတ်ကိုင်ဆောင်ခွင့်ရရှိထားသည့် ပုဂ္ဂိုလ်တစ်ဦးသည် ကိုင်ဆောင်ခွင့်ပြုထားသည့်ဒေသမှ ကိုင်ဆောင်ခွင့်မရှိသော ဒေသသို့ ပြောင်းရွှေ့ရသည့်အခါတွင်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းအဖြစ်မှ နုတ်ထွက် သည့်အခါတွင်လည်းကောင်း၊ ဝန်ထမ်းအဖြစ်မှရပ်စဲခြင်း၊ ထုတ်ပယ်ခြင်းခံရသည့်အခါတွင်လည်းကောင်း၊ အငြိမ်းယူသည့်အခါတွင် လည်းကောင်း မိမိအား ထုတ်ပေးထားသည့် သေနတ်နှင့်တကွ သေနတ်ကိုင်ဆောင်ခွင့်ပါမစ်ကို သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့သို့ ပြန်လည် အပ်နှံရပါမည်။ သေနတ်ပြန်လည် အပ်နှံကြောင်းကို သက်ဆိုင်ရာပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သို့ အကြောင်းကြားရပါမည်။

## အခန်း ၁၁

## လက်နက်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ်သက်တမ်းကုန်ဆုံး၍ လဲလှယ်ခြင်း

၂၇။ **လက်နက်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ် သက်တမ်းကုန်ဆုံး၍ လဲလှယ်ရန်အချိန်သတ်မှတ်ချက်။** သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ် သက်တမ်းမှာပြက္ခဒိန်တစ်နှစ်ကာလ အပိုင်းအခြားသာဖြစ်၍ နှစ်စဉ် ဒီဇင်ဘာလမှ နောက်နှစ်ဆန်း ဇန်နဝါရီလ(၃၁)ရက်အတွင်း ကျသင့်သည့် အခွန်များပေးဆောင်စေပြီး လဲလှယ်ရပါမည်။ ဇန်နဝါရီလ(၃၁) ရက်နေ့ ကျော်လွန်ပြီးနောက် လိုင်စင်/ ပါမစ်လဲလှယ်ခွင့် လျှောက်ထားသူများကို ယင်းပြက္ခဒိန်နှစ် နိုဝင်ဘာလ မကုန်မီ ကာလအတွင်း ကျသင့်သော ဒဏ်ငွေ ပေးဆောင်စေ၍ လဲလှယ်ပေးနိုင်ပါသည်။ယင်းသို့လဲလှယ်ပေးရာတွင် ကုန်လွန်ခဲ့သောနှစ်အတွက် လိုင်စင်/ပါမစ်လဲလှယ်ပြီးဖြစ်သော သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်/ ပါမစ်များ ကိုသာ လဲလှယ်ပေးရပါမည်။ လွန်ခဲ့သောနှစ်များအတွက် လိုင်စင်/ပါမစ်လဲလှယ်ထားခြင်း မရှိပါက အကျိုးအကြောင်းပြည့်စုံစွာဖော်ပြ၍ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနသို့ တင်ပြရပါမည်။

၂၈။ **လက်နက်လိုင်စင်/ပါမစ်လဲလှယ်ရန် လုပ်ထုံးလုပ်နည်း။** သေနတ် ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ်များလဲလှယ်ရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ်လဲလှယ်ပေးရန်ကိစ္စကို သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့သို့ လျှောက်ထားရပါမည်။

(ခ ) မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးသည် လိုအပ်သောစိစစ်မှုများပြုလုပ်ပြီးလျှင်သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရပါမည်။

(ဂ) မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် ယင်း လုပ်ငန်းကိုလုပ်ဆောင်ရန် တာဝန်ပေးအပ်ခြင်း ခံရသော မြို့နယ်ပြည်သူ့ကောင်စီအလုပ် အမှုဆောင် အဖွဲ့ဝင်များသည် မြို့နယ်အတွင်း သေနတ်ကိုင်ဆောင် ခွင့်ပြုရန်ကိစ္စများကိုလဲလှယ်ခွင့်ပြုရန် သင့်မသင့် အဆုံး အဖြတ်ပေးရပါမည်။ မြို့နယ်ကျော်လွန်၍ သေနတ် ကိုင်ဆောင်ခွင့်ပြုရန်ကိစ္စများကို မြို့နယ်၏ မှတ်ချက်နှင့် ပြည်နယ်/တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရပါမည်။

(ဃ) ပြည်နယ်/တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် ယင်းလုပ်ငန်းကိုလုပ်ဆောင်ရန်တာဝန်ပေးအပ်ခြင်း ခံရသော ပြည်နယ်/တိုင်းပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့ဝင်များသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း အတွင်း သေနတ်ကိုင်ဆောင်ခွင့်ပြုရန်ကိစ္စများနှင့် ပြည်နယ်/တိုင်း ကျော်လွန်၍ သေနတ်ကိုင်ဆောင်ခွင့်ပြုရန် ကိစ္စများကို လဲလှယ်ခွင့်ပြုရန် သင့် မသင့် အဆုံးအဖြတ် ပေးရပါမည်။

# အခန်း ၁၂

## ကိုင်ဆောင်ခွင့်ပြုထားသောလက်နက်များကို သိမ်းဆည်းပိုင်ခွင့်

၂၉။ ဒေသဆိုင်ရာလုံခြုံရေးအခြေအနေအရ ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာနသည် လိုင်စင်ဖြင့်ဖြစ်စေ၊ ပါမစ်ဖြင့်ဖြစ်စေ သေနတ်ကိုင်ဆောင်ခွင့် ရရှိထားသူ မည်သူ့ကိုမဆို ယင်းကိုင်ဆောင်လျက်ရှိသည့် သေနတ်နှင့် ခဲယမ်း မီးကျောက်များကို သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့သို့အပ်နှံစေ၍ သိမ်းဆည်းနိုင် ပါသည်။

၃၀။ လိုင်စင်ဖြင့်ဖြစ်စေ၊ ပါမစ်ဖြင့်ဖြစ်စေ သေနတ်ကိုင်ဆောင်ခွင့် ရရှိထားသူ တစ်ဦးဦးသည် အခန်း ၄ အပိုဒ် ၉ တွင် ဖော်ပြပါရှိသည့် တာဝန် တစ်ခုခုကိုဖြစ်စေ၊ တာဝန်များကိုဖြစ်စေ ဆောင်ရွက်ရန်ပျက်ကွက်သည်ဟု ခိုင်လုံသည့်အကြောင်းရှိလျှင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနသည် ထိုသူအား ယင်းကိုင်ဆောင် လျက်ရှိသည့် သေနတ်နှင့်ခဲယမ်းမီးကျောက်များကို သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့သို့ အပ်နှံစေ၍ သိမ်းဆည်းနိုင်ပါသည်။

# အခန်း ၁၃

## ညွှန်ကြားချက်များ ရုပ်သိမ်းခြင်း

၃၁။ လက်နက်ကိုင်ဆောင်ရေးမှုနှင့်ပတ်သက်၍ ယခင် ဤဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ၁၀-၁၂-၅၉ နေ့စွဲပါစာအမှတ် စ-၁၃/၀၂၂ အမှာစာနှင့် ၁၁-၁၂-၅၉ နေ့စွဲပါ စာအမှတ် စ-၁၃/၀၅၈ တို့ကို ပယ်ဖျက်လိုက်ပါသည်။

ပ-မ-သ-စ----၁၀၃၈-၄-၅-၇၇----၂၅၀၀ အုပ်။

## လက်နက်လိုင်စင်စာအုပ်တွင်ပါရှိသော စည်းကမ်းချက်များ

## စည်းကမ်းအချက် ၁၁ နှင့်ယခုပုံစံအဆုံးရှိ မှတ်ချက်တို့ကို သတိပြုရမည့်

## ပုံစံအမှတ် ၁၆

## (နည်းဥပဒေ ၃၃ ကိုကြည့်)

**အခွန်တော်ငွေ-**

၁။ ။(က) နည်းဥပဒေ ၃၃(၁)ခြွင်းချက်(II)တွင် ရည်ညွှန်းသည့်ခဲယမ်းကိရိယာမျိုးအတွက် လိုင်စင်ထုတ်ပေးသည့်အခါ အရပ်ရပ်အခွန်တော်လွှတ်။

(ခ) × × × ×

(ဂ) အင်္ဂလိပ်အစိုးရမင်းတို့ စိုးပိုင်တော်မူသည့် အိန္ဒိယနိုင်ငံတော်အတွင်း-

(I) နောက်ထိုးမြင်းသေနတ်၊ သို့မဟုတ် ခြောက်လုံးပြူးသေနတ်ရေ ၁ လျှင် တဆယ်ကျပ်။

(II) အခြားမည်သည့် နောက်ထိုးသေနတ်လက်နက်ရေ ၁ အတွက်မဆို ငါးကျပ်။

(III) အခြားလက်နက်များအတွက် လက်နက်ရုပ်သိမ်းသည့် ခရိုင်များတွင် လက်နက်ရေ ၁ လျှင် ငါးဆယ်ပြား။ အခြားနယ်များတွင် လက်နက်ရေ ၁ လျှင် နှစ်ဆယ့်ငါးပြား။

သို့သော်လည်း မြန်မာနိုင်ငံတော်အတွင်း ကျေးရွာကာကွယ်ရန်ကိစ္စအတွက် ထုတ်ပေးသည့် လိုင်စင်များမှာ အရပ်ရပ် အခွန်တော်လွတ်ငြိမ်းချမ်းသာခွင့်ရစေရမည်။

၂။ အထက်တွင် ဖော်ပြရာပါ အခွန်တော်ငွေများကို တစ်နှစ် သို့မဟုတ် ၎င်းအောက်နည်းသည့်ကာလအပိုင်းအခြားများအတွက် ပဋမအကြိမ်ထုတ်ပေးသည့် လိုင်စင်များအတွက် ပေးဆောင်ထိုက်စေမည်။ လိုင်စင်ကို နောက်ထပ်ကာလ အပိုင်းအခြားအတွက် အသစ်လဲလှယ်၍ ၎င်းလိုင်စင်အတွက် အရပ်ရပ်အခွန်တော်လွတ်ငြိမ်းသည် မဟုတ်လျှင် တနှစ် သို့မဟုတ် ၎င်းအောက်ကာလ အပိုင်းအခြားအတွက် အသစ်လဲလှယ်ခြင်း အရပ်ရပ်အတွက် အောက်ပါအခွန်တော်ငွေများကို ပေးဆောင်ထိုက်စေရမည်။

(I) × × × ×

(II) အပိုဒ် ၂(ဂ)နှင့်သက်ဆိုင်သည့် အချက်တွင်၊ အသီးသီး ငါးကျပ်၊ နှစ်ကျပ်ငါးဆယ်ပြား၊ ငါးဆယ်ပြား သို့မဟုတ် နှစ်ဆယ့်ငါးပြား၊ သို့သော်လည်း ၎င်းအချက်များတွင် လိုင်စင် အသစ်လဲလှယ်ရန်အတွက် လျှောက်လွှာကို မူလလိုင်စင် ဆုံးခန်းတိုင်ရောက်သည်မှ တလအတွင်း တင်သွင်းရမည်။ ဆိုခဲ့သည့်ကာလအပိုင်းအခြားအတွင်း လျှောက်လွှာကို မတင်သွင်းလျှင် လိုင်စင်ထုတ်ပေးသည့် အစိုးရမှာ သဘောအတိုင်း ချင့်ချိန်၍ မူလလိုင်စင်နှုန်း အတိုင်း အခွန်တော်ကောက်ခံခွင့်ရသည်။

၃။ ယခုပုံစံနှင့်လိုင်စင်ကို သုံးနှစ်ထက်မပိုသော ကာလအပိုင်းအခြားအတွက် ထုတ်ပေး သို့မဟုတ် အသစ်လဲလှယ်ခွင့်ရသည်။ လိုင်စင်ထုတ်ပေး၊ သို့မဟုတ် အသစ်လဲလှယ်သည့် ကာလ အပိုင်းအခြားမှာ တနှစ်ထက် ပိုလျှင် အခွန်တော်ငွေကို အပိုဒ် ၂(II)ပါ ခြွင်းချက်ကို အထောက်အကူပြု၍ လိုင်စင်ထုတ်ပေး သို့မဟုတ် အသစ်လဲလှယ်သည့်အတွက် နောက်တွင် ပြဌာန်းသည့် နှစ်စဉ်နှုန်းများအတိုင်း ဆိုင်သင့်ရာရာကောက်ခံ ရမည်။

## သတိပေးချက်

သေနတ်လက်နက်များကို လိုင်စင်တွင်ပါရှိသည့် ကိစ္စများမှတပါး အခြားကိစ္စအတွက် အသုံးပြုခြင်းနှင့် ၎င်းလက်နက်များကို သေနတ်လက်နက် ကိုင်ဆောင်ခွင့်မရသူများသို့ ငှားရမ်းခြင်းမှာ ၁၈၇၈ ခုနှစ်၊ အိန္ဒိယလက်နက် အက်ဥပဒေပုဒ်မ ၁၉(င)နှင့်ပုဒ်မ ၂၂ အရ ပြစ်မှုများဖြစ်၍ ၃ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ၎င်းပြင် ၆ လအထိ ထောင်ဒဏ်ဖြစ်စေ၊ ၅၀၀ ထိငွေဒဏ်ဖြစ်စေ၊ ဒဏ် ၂ ရပ်လုံးဖြစ်စေ၊ ဆိုင်သင့်ရာရာ ထိုက်သင့်စေမည့်ပြင် လိုင်စင်ကိုလည်း ပယ်ဖျက်ခွင့်ရှိသည်။

လိုင်စင်များ ဆုံးခန်းတိုင်ရောက်ပြီးနောက်၊ သင့်လျော်သောအချိန်အတွင်း ၎င်းလိုင်စင်များကို လက်နက်များ လက်ရှိထားသည်ဖြစ်သောကြောင့် လိုင်စင်ရသူမှာ လက်နက်အက်ဥပဒေပုဒ်မ ၁၉ အရ တရားစွဲဆိုခြင်း ခံထိုက်စေရမည်။

ကျား၊ ကျားသစ်၊ ဝက်ဝံ သို့မဟုတ် တောခွေးမှတပါး၊ အခြားသားတိရိစ္ဆာန်တစုံတရာကို၊ ဆားတွင်း၊ ရေထွက်ပေါက်၊ လူးကျင်း၊ သို့မဟုတ် သားတိရိစ္ဆာန်တို့သွားလာရာ လမ်းအထက်မှ စောင့်ဆိုင်းပစ်ခတ်ခြင်းမှာသော်၎င်း၊ ၎င်းကိုလှည်း၊ မိုတာကား၊ သို့မဟုတ် ဆင်ပေါ်မှဖြစ်စေ၊ ညဥ့်အခါ၌ လက်နှိပ်လျှပ်စစ်ဓါတ်မီး၊ သို့မဟုတ် အခြားလျှပ်စစ်ဓါတ်မီးရောက်မျိုးတစုံတရာ၏ အကူအပံ့ဖြင့်ဖြစ်စေ၊ ပစ်ခတ်ခြင်းမှာသော်လည်း၎င်း၊ ၁၉၂၇ ခုနှစ်၊ မြန်မာနိုင်ငံသားငှက်အကဲလိုက်ခြင်း နည်းဥပဒေများအနက် နည်းဥပဒေ ၄ကို ကျူးလွန်ခြင်းတစ်ရပ်ဖြစ်၍ ယင်းသို့ကျူးလွန်သည့် အပြစ်အတွက်၊ ခြောက်လအထိထောင်ဒဏ်ဖြစ်စေ၊ ငါးရာထိငွေဒဏ်ဖြစ်စေ၊ သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကြောင့် ဆုံးရှုံးပျက်စီးသည့်အရာမှာ တန်ဘိုးနှစ်ရာ့ငါးဆယ်ကျပ်ထက်ပိုလျှင် ၎င်းတန်ဘိုးနှစ်ဆအထိ ငွေဒဏ်ဖြစ်စေစီရင်စေမည်။

## စည်းကမ်းချက်များ

၁။ ယခုလိုင်စင်ကို ၁၈၇၈ ခုနှစ်၊ အိန္ဒိယလက်နက်အက်ဥပဒေနှင့်တကွ ၁၉၂၄ ခုနှစ်၊ အိန္ဒိယလက်နက်နည်းဥပဒေများပါ အရပ်ရပ်ပြဌာန်းချက်များကို အခြေပြု၍ ထုတ်ပေးသည်။

၂။ ၎င်းလိုင်စင်မှာ စာခေါင်း ၄ တွင် ရေးသွင်းပါရှိသည့် နောက်လိုက်နောက်ပါများ(ရှိလျှင်)၎င်းနောက်လိုက် နောက်ပါများနှင့်တကွ လိုင်စင်တွင် အမည်ပါသူမှစ၍ လက်နက်ခဲယမ်းကိရိယာများနှင့်သာ သက်ဆိုင်သည်။

၃။ ၎င်းလိုင်စင်မှာ စာခေါင်း ၆ ဖော်ပြရာပါ နယ်မြေအတွက်သာ အတည်ဖြစ်စေရမည့်ပြင်၊ မူလထုတ်ပေး သို့မဟုတ် အသစ်လဲလှယ်သည့် နိုင်ငံပြင်ပတွင် အတည်ဖြစ်စေသော လိုင်စင်ဖြစ်သည့်အချက်တွင် နိုင်ငံအစိုးရတဦးဦးက၊ ၎င်းတို့စီရင်အုပ်ချုပ် သို့မဟုတ် ကြီးကြပ်အုပ်ချုပ်ရသည့် နယ်မြေများနှင့် စပ်လျဉ်း၍ သာမန် သို့မဟုတ် အထူးအမိန့်နှင့်ထားရှိသည့် ကန့်သတ်ချက်များကိုလည်း အထောက်အထားပြုရမည်။

၄။ လိုင်စင်ရသူကဖြစ်စေ၊ ၎င်းလိုင်စင်အရ ဆောင်ရွက်သူ နောက်လိုက်နောက်ပါတဦးတယောက်ကဖြစ်စေ ၎င်းလိုင်စင်ပါ မည်သည့်လက်နက်ကို မဆို၊

<u>သားငှက်ပစ်ခတ်ရန်</u>

<u>ဘေးအန္တရာယ်ကာကွယ်ရန်</u> ရိုးဖြောင့်သောသဘောနှင့် ကိုင်ဆောင်သွားလာသည့်အဆောင်အရွက်အဖြစ်

မှတပါး၊ အခြားနည်းကိုင်ဆောင်သွားလာခြင်းမရှိစေရ။ ၎င်းပြင် ၎င်းသူတို့မှာ ဗြိတိဒင်စီမြို့တစုံတရာ၊ သို့မဟုတ် ရန်ကုန်မြို့တွင် မြို့မရာဇဝတ်ဝန်ကြီး၊ အခြားမည်သည့် ရပ်ကွက်တွင်မဆို စီရင်စုနယ်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်နယ်ရာဇဝတ်သူကြီးက ယခုအမှုတွင် အထူးခွင့်ပြုသည့်အချက်တွင်မှတပါး ပွဲလမ်း၊ သာသနာရေးနှင့်ဆိုင်သော ဘုရားပွဲစသည့်အလှည့်အပတ်ပွဲမှစ၍ အခြားလူသူအစုအရုံး တစုံတရာသို့ ဆိုခဲ့သည့် မည်သည့်လက်နက်ကိုမျှ ကိုင်ဆောင်သွားလာခြင်းမရှိစေရ။

၅။ လိုင်စင်ရသူမှာ လက်နက်ကိရိယာအသစ်များ ဝယ်ယူသည့်အခါ၌ ၎င်း၊ အနောက်မြောက်ဌာန နယ်စွန်နယ်ဖျားနိုင်ငံတွင် ခဲယမ်းကိရိယာ ဝယ်ယူသည့်အခါ၌၎င်း၊ အခြားအရပ်ဒေသတွင် ပြောင်းအကျယ် ॰ ၂၂ ရှိ ရိုင်ဖယ်သေနတ်များမှတပါး၊ အခြားရိုင်ဖယ်သေနတ်များ၊ ခြောက်လုံးပူး သေနတ်များနှင့် သေနတ်များအတွက် ခဲယမ်းကိရိယာများကို ဝယ်ယူသည့် အခါ၌၎င်း၊ လိုင်စင်တွင် အောက်ပါအကြောင်းအရာများကို ရေးသွင်း၊ ရောင်းချသူကို လက်မှတ်ရေးထိုးစေရမည်။

(က) ဝယ်ယူသည့်ပစ္စည်းများကို လက်ခံယူသူအမည်၊ အလုပ်အကိုင်၊ နေရပ်။

(ခ) ဝယ်ယူသည့်ပစ္စည်းအမျိုးအမည်နှင့်အရေအတွက်၊ အချိန်အတွယ်။

(ဂ) ဝယ်ယူသည့်နေ့ရက်။

၎င်းပြင် လက်နက်ခဲယမ်းကိရိယာများကို လိုင်စင်ရ ရောင်းဝယ်ဖောက်ကားသူမှတပါးအခြားသူ တဦးတယောက်ထံမှ ဝယ်ယူသည်ဖြစ်လျှင်၊ အပိုဒ်(ခ) နှင့်(ဂ) တွင် ဖော်ပြရာပါ အကြောင်းအရာများကို လိုင်စင်ထုတ်ပေးသည့် အစိုးရထံ၊ ၎င်းအစိုးရက ယခုကိစ္စအလို့ငှာ သတ်မှတ်ရာကာလအပိုင်းအခြားအတွင်း၊ စာဖြင့်တိုင်ကြားစေရမည်။

၆။ လိုင်စင်ရသူမှာ၊ နိုင်ငံအစိုးရမင်းတို့က အခါကာလအားလျော်စွာ သတ်မှတ်သည့် အများဆုံးအရေအတွက် အချိန်အတွယ်ထက်ပိုမို၍ ပြောင်းအကျယ် . ၂၂ ရှိ ရိုင်ဖယ်သေနတ်များမှတပါး၊ အခြားရိုင်ဖယ်သေနတ်များ၊ ခြောက်လုံးပူးသေနတ်များနှင့် မြင်းသေနတ်များအတွက် ခဲယမ်းကိရိယာများကို ဝယ်ယူခြင်းမရှိစေရ။

၇။ လိုင်စင်ရသူမှာ၊ လိုင်စင်နှင့်သက်ဆိုင်သည့် လက်နက်တစုံတရာ ခိုးယူပျောက်ဆုံးခြင်းရှိလျှင်၊ သို့ခိုးသူ ပျောက်ဆုံးကြောင်းကို အနီးဆုံးအရပ်ရှိ ရာဇဝတ်ဌာနတွင် ချက်ခြင်းတိုင်ကြားရမည်။

၈။ လိုင်စင်ရသူမှာ၊ အစိုးရလက်နက်နှင့်ခဲယမ်းကိရိယာများကို လက်ရှိမထားရ။

**"အဓိပ္ပါယ်ရှင်းလင်းဖော်ပြချက်"** ။ ယခုစည်းကမ်းချက်အလို့ငှာ-

(က) **"အစိုးရလက်နက်"**ဆိုသည်မှာ အစိုးရမင်းတို့ ဘဏ္ဍာတော်ဖြစ်သောသေနတ်လက်နက် သို့မဟုတ် အခြားလက်နက်များကို ဆိုလိုသည်။

(ခ) **"အစိုးရခဲယမ်းကိရိယာ"** ဆိုသည်မှာ အစိုးရအလုပ်ရုံတစုံတရာတွင် လုပ်ဆောင်သောခဲယမ်း၊ ကိရိယာ၊ သို့မဟုတ် အစိုးရမင်းတို့အဖို့ လုပ်ဆောင်၍ ၎င်းအစိုးရမင်းတို့ထံ ပေးသွင်းသည့် ခဲယမ်းကိရိယာကိုဆိုလိုသည်။

၉။ နိုင်ငံတော်အစိုးရမင်းတို့က အခွင့်အာဏာအပ်နှင်းလျှင်၊ လိုင်စင်ထုတ်ပေးသည့်အစိုးရမှာ စည်းကမ်းအချက် ၈ ကို ပယ်ဖျက်၍၊ လိုင်စင်ရသူလက်ရှိ ထားခွင့်ရသည့် အစိုးရလက်နက်များနှင့် ခဲယမ်းကိရိယာများကို ထပ်ဆင့်ရေးမှတ်ခွင့်ရသည်။

၁၀။ သားငှက်ပစ်ခတ်ရန် လိုင်စင်ထုတ်ပေးသည့် အချက်၌စာမျက်နှာ ၁၀နှင့် ၁၂များတွင် ဖော်ပြရာပါ သားငှက်တိရိစ္ဆာန်များနှင့် စပ်လျဉ်း၍ နိုင်ငံအစိုးရမင်းတို့ ပြဌာန်းသတ်မှတ်ထားသည့် ပိတ်ပင်တားမြစ်သော အချိန်ကာလများအတွင်း လိုင်စင်ရသူကဖြစ်စေ၊ လိုင်စင်အရ ဆောင်ရွက်သူနောက်လိုက်နောက်ပါတို့ကဖြစ်စေ၊ ၎င်းသားငှက်တိရစ္ဆာန်များကို ပစ်ခတ်ခြင်း မရှိစေရ။

၁၁။ လိုင်စင်ရသူမှာ၊ မိမိအမြဲနေထိုင်ရာ အရပ်လွှဲပြောင်းသည့်အခါတိုင်း၊ လိုင်စင်ထုတ်ပေးသည့် အစိုးရထံ၌ ဖြစ်စေ၊ အမြဲနေထိုင်ရာအရပ်အလျင်ပြောင်းလွှဲသည့်အခါတွင် အခြားအစိုးရက လိုင်စင်အသစ်လဲလှယ်ပေးခဲ့လျှင် ယင်းသို့သော အစိုးရထံ၌ဖြစ်စေ၊ တိုင်ကြားရမည်။ နေထိုင်ရာအရပ်ကို အမြဲဖြစ်စေ၊ ခေတ္တဖြစ်စေ၊ ပြောင်းလွှဲသည့်အချက်တွင် ယခုလိုင်စင်ကို အသစ်လဲလှယ်ရန်လိုလျှင်၊ လိုင်စင်ရသူမှာ၊ အနီးဆုံးလိုင်စင်ထုတ်ပေးသည့် အစိုးရထံ အသစ်လဲလှယ်ရန် မိမိဘဘောအတိုင်း လျှောက်ထားခွင့်ရသည်။

၁၂။ လိုင်စင်ထုတ်ပေးသည့် သို့မဟုတ် အသစ်လဲလှယ်ပေးသည့် အစိုးရက လိုင်စင်ထုတ်ပေးသည့် လက်နက် သို့မဟုတ် လက်နက်များမှာ လိုင်စင်ရသူ၏ ပိုင်နက်တွင် ရှိ/မရှိ လိုင်စင်အတည်ဖြစ်သည့်ကာလအတွင်း မည်သည့်အခါတွင်မဆို စုံစမ်းမေးမြန်းပိုင်ခွင့်ရရှိသည့်ပြင်၊ ယင်းသို့စုံစမ်းရန် ကိစ္စအလို့ငှာ၊ အဆိုပါလက်နက်ကို ပြသရန် ဆင့်ဆိုခွင့်လည်းရသည်။

**မှတ်ရန်**။ မည်သူမဆို၊ ယခုလိုင်စင်ပါ စည်းကမ်းချက်တစုံတရာကို ကျူးလွန်လျှင် ၎င်းသူကို ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်စေမည်။(၁၈၇၈ ခုနှစ်၊ အိန္ဒိယလက်နက်ဥပဒေ ၂၁။)

လိုင်စင်ရသူများမှာ၊ (၎င်းအက်ဥပဒေပုဒ်မ ၂၇ အရ လွှတ်ကင်းခွင့်ရသူမှတပါး) အခြားတစုံတယောက်သောသူသို့၊ မိမိတို့ရရှိသည့် လိုင်စင်များနှင့်သက်ဆိုင်သော လက်နက် သို့မဟုတ် ခဲယမ်းကိရိယာများကို ရောင်းချ

သည့်အခါ ဝယ်သူ၏ အမည်နေရပ်နှင့်အလုပ်အကိုင်စသည့်အကြောင်းအရာ များပါရှိသော ရောင်းချလိုက်ခြင်း အကြောင်းကြားစာကို စီရင်စုနယ်ရာဇဝတ် တရားသူကြီးထံသို့ဖြစ်စေ၊ အနီးဆုံးရာဇဝတ်ဌာနကြီးကြပ်အုပ်ချုပ်သူအရာရှိ ထံသို့ဖြစ်စေ၊ ပေးပို့ရန်လိုကြောင်းကို ၎င်းလိုင်စင်ရသူများအား သတိပေး လိုက်သည်။ အထက်တွင် လိုအပ်သည့် အကြောင်းကြားစာကို မပေးပျက်ကွက် ခဲ့လျှင် သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်စေရမည်။

× သို့သော်လည်း လိုင်စင်တစုံတရာကို ၎င်းလိုင်စင်ထုတ်ပေး ပြီးနောက်မှ လိုင်စင်ရသူ လက်ခံရရှိမည့် လက်နက်လက်ရှိထားရန် ပုံစံအမှတ် ၁၅၊ ၁၆၊ ၁၈ သို့မဟုတ် ၁၉ ဖြင့် ထုတ်ပေးသည့်အချက်တွင် လိုင်စင်ထုတ်ပေး သည့် အစိုးရမှာ မိမိက ယခုကိစ္စအလို့ငှာ သီးခြားသတ်မှတ်သည့်အပြင် အခါကာလအားလျော်စွာ မိမိက အချိန်တိုးမြှင့်ပေးခွင့်လည်း ရရှိသည့်ကာလ အပိုင်းအခြားအတွင်း၊ လိုင်စင်နှင့်သက်ဆိုင်သည့်လက်နက်ကို လက်ခံရရှိစေရန် နှင့် လိုင်စင်ကိုဖြစ်စေ၊ လက်နက်ကိုဖြစ်စေ၊ ၎င်းနှစ်ရပ်လုံးကိုဖြစ်စေ မိမိကြည့်ရှု စစ်ဆေးခြင်းငှါ တင်ပြစေရန် လိုင်စင်ထုတ်ပေးသည့် အချိန်အခါ၌ ဆင့်ဆိုရမည်။ ၎င်းပြင် ယင်းသို့ သီးခြားသတ်မှတ်၊ သို့မဟုတ် အချိန်တိုးမြှင့် ပေးသည့်ကာလအပိုင်းအခြားအတွင်း လိုင်စင်ရသူက လက်နက်ကို လက်ခံရရှိသော်၎င်း၊ လိုင်စင်ကိုဖြစ်စေ၊ လက်နက်ကိုဖြစ်စေ၊ ၎င်း ၂ ရပ်လုံးကို ဖြစ်စေ၊ တင်ပြရန်သော်၎င်း၊ ဆိုင်သင့်ရာရာပြုလုပ်ရန် ပျက်ကွက်လျှင် လိုင်စင် အတည်ဖြစ်လျက်ရှိနေခြင်းမှာ ရပ်စဲစေရမည်။

## လိုင်စင်/ပါမစ်လက်နက်ခဲယမ်းကိုင်ဆောင်ခြင်း/ထိန်းသိမ်းခြင်းများနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများ

၁။ လိုင်စင်လက်နက်ခဲယမ်းများ။ မူဝါဒလုပ်ထုံးလုပ်နည်းနှင့်အညီ လိုင်စင်ဖြင့်ကိုင်ဆောင်ခွင့်ရရှိထားသော ပုဂ္ဂိုလ်တစ်ဦးချင်းပိုင်ဆိုင်ကိုင်ဆောင်ခွင့်ရရှိထားသည့် လက်နက်ခဲယမ်းများဖြစ်ပါသည်။

၂။ နိုင်ငံတော်ပိုင်လက်နက်ခဲယမ်းများ။ ၁၉၇၂ ခုနှစ်၊ ခရိုင်မတိုင်မီက ခရိုင်ရာဇဝတ်တရားသူကြီး၏ စီမံခန့်ခွဲမှုအမိန့်အရ တရားရုံးများတွင် တရားသူကြီးများမှ အစိုးရပိုင်(နိုင်ငံတော်ပိုင်)သိမ်းဆည်းရန် အမိန့်ချမှတ်သည့် ပိုင်ရှင်မဲ့/အမှုပြီးပြတ်(အမှုနှင့်သက်ဆိုင်သည့် လိုင်စင်လက်နက်အပါအဝင်)/ ဖမ်းဆီးရမိလက်နက်ခဲယမ်းများ၊ ခရိုင်ဝန်၏ စီမံခန့်ခွဲမှုအရ အစိုးရပိုင် (နိုင်ငံတော်ပိုင်) သိမ်းဆည်းလက်နက်ခဲယမ်းများနှင့် နိုင်ငံတော်အစိုးရမှ နိုင်ငံတော်ပိုင်အဖြစ်သိမ်းဆည်းသည့် လက်နက်ခဲယမ်းများ၊ ၁၉၇၇ ခုနှစ်၊ နောက်ပိုင်းပြည်ထဲရေးဝန်ကြီးဌာန၊ သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ် စိစစ်ရေးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် နိုင်ငံတော်ပိုင်စာရင်းရေးသွင်းစေသည့် လက်နက်ခဲယမ်းများဖြစ်ပါသည်။ (နိုင်ငံတော်ပိုင်လက်နက်ခဲယမ်းအား ပါမစ်ဖြင့် ကိုင်ဆောင်ခွင့်ပြုပါသည်)

၃။ ပိုင်ရှင်မဲ့/အမှုပြီးပြတ်/ဖမ်းဆီးသိမ်းဆည်းလက်နက်ခဲယမ်း။ နိုင်ငံတော်ပိုင်သိမ်းဆည်းခွင့်မပြုသော/နိုင်ငံတော်ပိုင်သိမ်းဆည်းခွင့်အတွက် တင်ပြဆောင်ရွက်ခြင်းမပြုရသေးသော လက်နက်ခဲယမ်းများ(စီမံခန့်ခွဲခြင်း မပြုရသေးသော ပိုင်ရှင်မဲ့/အမှုပြီးပြတ်/ဖမ်းဆီးသိမ်းဆည်းလက်နက်ခဲယမ်း များ)ဖြစ်ပါသည်။

၄။ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အကြောင်းအမျိုးမျိုးဖြင့် လက်နက်လျှောက်ထားလာပါက လျှောက်လွှာများနှင့်ပတ်သက်၍ လိုအပ်သည့်စာရွက်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လက်ရှိလိုင်စင်ဖြင့် မြို့နယ်အတွင်း(သို့မဟုတ်)ပြည်နယ်/ တိုင်းအတွင်းကိုင်ဆောင်ခွင့်ရရှိထားသော သေနတ်အား

ပြည်နယ်/တိုင်းအတွင်း (သို့မဟုတ်)မြန်မာနိုင်ငံတစ်ဝန်းလုံး တိုးချဲ့ကိုင်ဆောင်ခွင့်လျှောက်ထားခြင်း

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-င)

(၂) ရဲစခန်း/ဌာနဆိုင်ရာ - မူရင်း၁စောင်နှင့်မိတ္တူ၃စောင် အကြီးအကဲ/ ကက(ကြည်း)ထောက်ခံချက်

(၃) လိုင်စင်စာအုပ် - မူရင်းလိုင်စင်စာအုပ်

မှတ်ချက်။ လျှောက်လွှာနှင့်ထောက်ခံချက် တစ်စောင်စီ မနရမှူးမှလက်ခံထားရှိ၍ မူရင်းအပါအဝင် ကျန်စာရွက်စာတမ်းများနှင့်အတူဆက်လက် ထောက်ခံတင်ပြရန်။

(ခ) လက်ရှိလိုင်စင်ဖြင့် ကိုင်ဆောင်နေသော သေနတ်အား လွှဲပြောင်းကိုင်ဆောင်ခွင့်လျှောက်ထားခြင်း

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-စ)

(၂) သေနတ်လွှဲပြောင်းစာ - မူရင်း၁စောင်နှင့်မိတ္တူ၂စောင်

(၃) ရဲစခန်း/ဌာနဆိုင်ရာ - မူရင်း၁စောင်နှင့်မိတ္တူ၂စောင် အကြီးအကဲ/ ကက(ကြည်း)ထောက်ခံချက်

(၄) လိုင်စင်စာအုပ် - မူရင်းလိုင်စင်စာအုပ်

(ဂ) သိမ်းဆည်း/အပ်နှံလိုင်စင်သေနတ်အား ပြန်လည်ထုတ်ယူ ကိုင်ဆောင်ခွင့်လျှောက်ထားခြင်း

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-ဆ)

(၂) ရဲစခန်း/ဌာနဆိုင်ရာ - မူရင်း၁စောင်နှင့်မိတ္တူ၂စောင် အကြီးအကဲ/ ကက(ကြည်း)ထောက်ခံချက်

(၃) လိုင်စင်စာအုပ် - မူရင်းလိုင်စင်စာအုပ်

(ဃ) သိမ်းဆည်း/အပ်နှံလိုင်စင်သေနတ်အား လွှဲပြောင်းထုတ်ယူကိုင်ဆောင်ခွင့်လျှောက်ထားခြင်း

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-ဇ)

(၂) သေနတ်လွှဲပြောင်းစာ - မူရင်း၁စောင်နှင့်မိတ္တူ၂စောင်

(၃) ရဲစခန်း/ဌာနဆိုင်ရာ - မူရင်း၁စောင်နှင့်မိတ္တူ၂စောင်
အကြီးအကဲ/
ကက(ကြည်း)ထောက်ခံချက်

(၄) လိုင်စင်စာအုပ် - မူရင်းလိုင်စင်စာအုပ်

(င ) သိမ်းဆည်းအပ်နှံဆုသေနတ်အား ပြန်လည်ထုတ်ယူ ကိုင်ဆောင်ခွင့်လျှောက်ထားခြင်း

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-ဈ)

(၂) ဆုသေနတ်ကိုင်ဆောင် - မူရင်း
ခွင့်လက်မှတ်

(၃) ရဲစခန်း/ဌာနဆိုင်ရာ - မူရင်း၁စောင်နှင့်မိတ္တူ၂စောင်
အကြီးအကဲ/
ကက(ကြည်း)ထောက်ခံချက်

(စ ) လက်ရှိကိုင်ဆောင်နေသော ဆုသေနတ်အား လွှဲပြောင်းကိုင်ဆောင်ခွင့်လျှောက်ထားခြင်း

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-ည)

(၂) သေနတ်လွှဲပြောင်းစာ - မူရင်း၁စောင်နှင့်မိတ္တူ၂စောင်

(၃) ဆုသေနတ်ကိုင်ဆောင် - မူရင်း၁စောင်နှင့်မိတ္တူ၂စောင်
ခွင့်လက်မှတ်

(၄) ရဲစခန်း/ဌာနဆိုင်ရာ - မူရင်း၁စောင်နှင့်မိတ္တူ၂စောင်
အကြီးအကဲ/
ကက(ကြည်း)ထောက်ခံချက်

(ဆ) <u>သိမ်းဆည်း/အပ်နှံထားသောလက်ဆောင်သေနတ်အား ပြန်လည်ထုတ်ယူကိုင်ဆောင်ခွင့်လျှောက်ထားခြင်း</u>

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-ဠ)

(၂) ရဲစခန်း/ဌာနဆိုင်ရာ အကြီးအကဲ/ ကက(ကြည်း)ထောက်ခံချက် - မူရင်း၁စောင်နှင့်မိတ္တူ၂စောင်

(၃) လိုင်စင်စာအုပ်မူရင်း - မူရင်းလိုင်စင်စာအုပ်

(ဇ ) <u>လက်ဆောင်သေနတ်အား လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်လျှောက်ထားခြင်း</u>

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-ဌ)

(၂)သက်ဆိုင်ရာဝန်ကြီး ဌာန၏ထောက်ခံချက် (နိုင်ငံခြားအစိုးရမှ လက်ဆောင်အဖြစ် ပေးခြင်းမှန်ကန်ကြောင်း ထောက်ခံချက်) - မူရင်း၁စောင်နှင့်မိတ္တူ၂စောင်

(ဈ ) <u>စစ်ဘက်လိုင်စင်ဖြင့် ကိုင်ဆောင်နေသော သေနတ်အား အရပ်ဘက်လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်လျှောက်ထားခြင်း</u>

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-ဍ)

(၂) ကက(ကြည်း) ထောက်ခံချက် - မူရင်း၁စောင်နှင့်မိတ္တူ၂စောင်

(၃) စစ်ဘက်ကိုင်ဆောင် ခွင့်လက်မှတ် - မိတ္တူ ၃ စောင်

(ည) <u>နိုင်ငံတော်ပိုင်သေနတ်အား ပါမစ်ဖြင့် ထုတ်ယူကိုင်ဆောင်ခွင့်လျှောက်ထားခြင်း</u>

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-ဎ)

(၂) ရဲစခန်း/ဌာနဆိုင်ရာ - မူရင်း၁စောင်နှင့်မိတ္တူ၂စောင်
အကြီးအကဲ/
ကက(ကြည်း)ထောက်ခံချက်
(၃) စစ်ဘက်ကိုင်ဆောင် - မိတ္တူ ၃ စောင်
ခွင့်လက်မှတ်

(ဓ) <u>ယခင်လိုင်စင်ဖြင့် ကိုင်ဆောင်နေသော သေနတ်အား ပါမစ်ဖြင့် ဆက်လက်ကိုင်ဆောင်ခွင့်လျှောက်ထားခြင်း</u>

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-ဏ)
(၂) ရဲစခန်း/ဌာနဆိုင်ရာ - မူရင်း၁စောင်နှင့်မိတ္တူ၂စောင်
အကြီးအကဲ/
ကက(ကြည်း)ထောက်ခံချက်
(၃) လိုင်စင်စာအုပ် - မူရင်းလိုင်စင်စာအုပ်

(ဌ) <u>လိုင်စင်သေနတ်အား နိုင်ငံတော်သို့ အပြီးအပိုင်အပ်နှံခွင့် လျှောက်ထားခြင်း</u>

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-တ)
(၂) လိုင်စင်စာအုပ် - မူရင်းလိုင်စင်စာအုပ်

(ဍ) <u>ဆုသေနတ်အား နိုင်ငံတော်သို့ အပြီးအပိုင်အပ်နှံခွင့် လျှောက်ထားခြင်း</u>

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-ထ)
(၂) ကိုင်ဆောင်ခွင့် - လိုင်စင်ကင်းလွတ်ခွင့်လက်မှတ်
လက်မှတ် (သို့မဟုတ်)ဆုချီးမြှင့်သည့်
အထောက်အထားမိတ္တူ၃စောင်

(ဎ) <u>လက်ရှိကိုင်ဆောင်နေသော သေနတ်အတွက် လိုင်စင် သက်တမ်းလဲလှယ်ပေးရေး လျှောက်ထားခြင်း</u>

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-ဒ)
(၂) လိုင်စင်စာအုပ် - မူရင်းလိုင်စင်စာအုပ်
(၃) ချလံ - ၁ စောင်

(ဏ) <u>လက်ရှိကိုင်ဆောင်နေသော နိုင်ငံတော်ပိုင်သေနတ်အတွက် ပါမစ်သက်တမ်းလဲလှယ်ပေးရေး လျှောက်ထားခြင်း</u>

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-ဓ)

(၂) ကိုင်ဆောင်ခွင့်ပါမစ် - မူရင်းပါမစ်

(တ) <u>နှစ်စဉ်သက်တမ်းတိုးပျက်ကွက်သော လိုင်စင်သေနတ်အတွက် သက်တမ်းတိုးမြှင့်ပေးရေး လျှောက်ထားခြင်း</u>

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-န)

(၂) လိုင်စင်စာအုပ် - မူရင်းလိုင်စင်စာအုပ်

(ထ) <u>နှစ်စဉ်သက်တမ်းတိုးပျက်ကွက်သော ပါမစ်သေနတ်အတွက် သက်တမ်းတိုးမြှင့်ပေးရေးလျှောက်ထားခြင်း</u>

(၁) လျှောက်လွှာ - မူရင်း၃စောင်(ပုံစံနောက်ဆက်တွဲ-ပ)

(၂) ပါမစ်ဖြင့်ကိုင်ဆောင် ခွင့်လက်မှတ် - မူရင်းပါမစ်

(ဒ) <u>အကြောင်းအမျိုးမျိုးဖြင့် ပျောက်ဆုံး/ပျက်စီး၍ လိုင်စင်စာအုပ်မိတ္တူထုတ်ပေးခွင့်လျှောက်ထားခြင်း</u>

(၁) ရဲစခန်းမှူး၏ စုံစမ်းစစ်တွေ့ရှိချက်အစီရင်ခံစာ(ရဲစခန်းမှူးသည် သတင်းပေးတိုင်ကြားခြင်းကို အရပ်ရပ်နေ့စဉ်မှတ်တမ်းတွင် တိကျစွာရေးသွင်းပြီး စုံစမ်းမှုပြုလုပ်၍ လိုင်စင်စာအုပ်ပျောက်ဆုံးခြင်းမှာ ပေါ့ဆမှု(သို့မဟုတ်) ပေါ့ဆမှုကြောင်းမဟုတ်ကြောင်း(သို့မဟုတ်)ဟောင်းနွမ်းပျက်စီးချို့ယွင်းမှုကြောင့် စသည်ဖြင့် စုံစမ်းတွေ့ရှိချက်ကို မြို့နယ်ရဲတပ်ဖွဲ့မှူးထံ တင်ပြအစီရင်ခံရသည်။

(၂) လိုင်စင်စာအုပ်ပျောက်ဆုံး/ပျက်စီးခြင်းတိုင်ကြားချက် အရ လိုင်စင်စာအုပ်မိတ္တူထုတ်ပေးရန် ရဲစခန်းမှူးထံ ထောက်ခံချက်။

(၃) သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်စာအုပ်မိတ္တူ ထုတ်ပေးရန် လျှောက်ထားချက် မူရင်း ၃ စောင်။

(ဓ ) အကြောင်းအမျိုးမျိုးဖြင့် ပျောက်ဆုံး/ပျက်စီး၍ ပါမစ်မိတ္တူ ထုတ်ပေးခွင့်လျှောက်ထားခြင်း။ လိုင်စင်စာအုပ်ကဲ့သို့ ဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ ခရိုင်မှတ်ပုံတင်(၄၂)ရှိ သိမ်းဆည်း/အပ်နှံလိုင်စင်စာရင်းဝင်လက်နက်များ၊ ပိုင်ရှင်မဲ့/ဖမ်းဆီးရမိနှင့်အမှုဖြင့်သိမ်းဆည်းသည့် လက်နက်ခဲယမ်းစစ်မက်ကိရိယာများ၊ နိုင်ငံတော်ပိုင်လက်နက်ခဲယမ်းများနှင့်ပတ်သက်၍ ထောက်ပံ့ရေးဌာနများသည် အောက်ပါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် ရဲလက်စွဲတွင် ဖော်ပြထားရှိပါသည်-

(က) ၁၉၂၇ ခုနှစ်၊ မြန်မာနိုင်ငံတော်လက်နက်လက်စွဲအပိုဒ် ၅၉ အရ ရဲစခန်းများမှ သိမ်းဆည်း/အပ်နှံလက်နက်ခဲယမ်းများအား မိမိခရိုင်စတိုး သို့မဟုတ် သက်ဆိုင်ရာ ခရိုင်/ပြည်နယ်/တိုင်းစတိုးသို့ အပ်နှံစေရေးအတွက် ဆောင်ရွက်ရသည်။

(ခ ) ရဲစခန်းများမှ မိမိတို့စတိုးသို့အပ်နှံသည့် လက်နက်များအား ရဲလက်စွဲဒုတိယတွဲအပိုဒ် ၁၃၀၁ နှင့်အညီ ထုပ်ပိုး၍ မှတ်သားသိသာနိုင်ရန် မှတ်သားရမည့်အပြင် အဆိုပါလက်နက်ခဲယမ်းနှင့်ပတ်သက်၍ မှတ်ပုံတင်တွင် ရေးသွင်းသည့် အစဉ်နံပါတ်ကိုပါ ထုပ်ပိုးထားသည့်အပေါ်တွင် မှတ်သားရသည်။

(ဂ ) မူဝါဒ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုချက်ရရှိမှသာ အပ်နှံ/သိမ်းဆည်းထားသော လိုင်စင်/လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများကို ထုတ်ပေးရသည်။

(ဃ) လိုင်စင်လက်နက်များကို ရဲတပ်ဖွဲ့တွင် သိမ်းဆည်းထိန်းသိမ်းထားခွင့်မရှိ၍ သက်ဆိုင်ရာစစ်လက်နက်ပစ္စည်းတပ်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးခံအပ်နှံရသည်။

(င ) ပိုင်ရှင်မဲ့/ဖမ်းဆီးရမိနှင့်အမှုဖြင့် သိမ်းဆည်းသည့် လက်နက်ခဲယမ်းစစ်မက်ကိရိယာများကို လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာတပ်မှ စစ်ဆေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရသည်။ အကောင်းသတ်မှတ်သည့် လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများအနက်မှ နိုင်ငံတော်ပိုင်အဖြစ်သတ်မှတ်သင့်သည့် လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများစာရင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ်စိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ရရှိရေးအတွက် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့သို့ တင်ပြရသည်။ ခွင့်ပြုချက်ရရှိမှသာ နိုင်ငံတော်ပိုင်စာရင်းသို့ ရေးသွင်းရသည်။ နိုင်ငံတော်ပိုင်အဖြစ်မသတ်မှတ်သော လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများနှင့် မကောင်းလက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများကို စစ်လက်နက်ပစ္စည်းတပ်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အပ်နှံဆောင်ရွက်ရသည်။

(စ ) လိုင်စင်၆ပါမစ်လက်နက်များ အပ်နှံ/လက်ခံရရှိလျှင် ဦးစီးဌာနသို့အကြောင်းကြားရသည်။ သို့မှသာ လက်ရှိကိုင်ဆောင်နေသော လိုင်စင်/ပါမစ်လက်နက်များနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်ပြောင်းလဲချက်များကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဆ) ဌာနဆိုင်ရာအဖွဲ့အစည်းပိုင်(နိုင်ငံတော်ပိုင်)နှင့်ရဲတပ်ဖွဲ့နှင့်သက်ဆိုင်သည့် နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်သော လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများကို သက်ဆိုင်ရာမှတ်ပုံတင်(၄၃)သို့ ကူးယူရေးသွင်းရသည်။

၆။ ခရိုင်မှတ်ပုံတင်(၄၃)ရှိ နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်သည့် လက်နက်ခဲယမ်းကိရိယာများနှင့်ပတ်သက်၍ ထောက်ဌာနများမှ အောက်ပါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် ရဲလက်စွဲတွင် ဖော်ပြထားရှိပါသည်-

(က) မူဝါဒ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ထုတ်ပေးခွင့်ပြုချက်ရရှိမှသာ မှတ်ပုံတင်(၄၄)သို့ ကူးယူရေးသွင်းပြီး ထုတ်ပေးရသည်။

(ခ ) ဌာနဆိုင်ရာအဖွဲ့အစည်းပိုင်(နိုင်ငံတော်ပိုင်) လက်နက်ခဲယမ်းကိရိယာများကို သက်ဆိုင်ရာဌာနသို့ ထုတ်ပေးခဲ့ပြီးနောက် ပြန်လည်အပ်နှံလာပါက ဌာနဆိုင်ရာအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် မှတ်ပုံတင်၌ ပြန်လည်မှတ်တမ်းတင်ထားရှိရသည်။

(ဂ ) ဌာနဆိုင်ရာအဖွဲ့အစည်းပိုင်မဟုတ်သော နိုင်ငံတော်ပိုင် လက်နက်ခဲယမ်းကိရိယာများကို ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ဌာနဆိုင်ရာအဖွဲ့အစည်းသို့ အငှားထုတ်ပေးပြီးနောက် ပြန်လည်အပ်နှံပါက ရဲတပ်ဖွဲ့နှင့်သက်ဆိုင်သည့် နိုင်ငံတော်ပိုင် လက်နက်ခဲယမ်းကိရိယာများ မှတ်ပုံတင်၌ ပြန်လည်မှတ်တမ်းတင်ထားရှိရသည်။

(ဃ) နိုင်ငံတော်ပိုင်မကောင်းလက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများ စစ်ဆေးခံ/အပ်နှံခွင့်ကို ဆောင်ရွက်ရသည်။

၇။ <u>ကိုင်ဆောင်သည့်လက်နက်များ အခြားပြည်နယ်/တိုင်းသို့ ပြောင်းရွှေ့ယူဆောင်ခြင်း။</u> လိုင်စင်ဖြင့် လက်နက်ကိုင်ဆောင်နေသည့် ပုဂ္ဂိုလ်များ အခြားပြည်နယ်/တိုင်းသို့နေရပ်ပြောင်းရွှေ့ခြင်းကြောင့်ဖြစ်စေ၊ အလုပ်တာဝန်ဖြင့် ပြောင်းရွှေ့ထမ်းဆောင်ရလျှင်ဖြစ်စေ၊ ကိုင်ဆောင်နေသည့်လက်နက်အား ယူဆောင်သွားနိုင်ရန် သေနတ်ကိုင်ဆောင်သူများမှ အသိပေးအကြောင်းကြားဆောင်ရွက်လျှင် သို့မဟုတ် ပြောင်းရွှေ့သွားသည်ကို စိစစ်တွေ့ရှိရလျှင် အခြားပြည်နယ်/တိုင်းသို့ လက်နက်ယူဆောင်သွားခွင့် ပုံစံ ၃၆ တွင် ပြည့်စုံစွာဖြည့်စွက်၍ သက်ဆိုင်ရာပြည်နယ်/တိုင်းရဲတပ်ဖွဲ့သို့ ပေးပို့အကြောင်းကြားရသည့်အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်(တာဝန်/စီမံ)ဌာနခွဲနှင့် လက်နက်ကိုင်ဆောင်သူအားလည်း မိတ္တူပေးပို့အကြောင်းကြားရသည်။ သို့မှသာ မိမိပြည်နယ်/တိုင်း

လိုင်စင်စာရင်းမှ စာရင်းလျှော့ဆောင်ရွက်နိုင်ပြီး သက်ဆိုင်ရာပြည်နယ်/တိုင်း ရဲတပ်ဖွဲ့မှလည်း လိုင်စင်လက်နက်မှတ်ပုံတင်တွင် ပြောင်းရွှေ့လာသည့် လက်နက်နှင့်ပတ်သက်၍ ရေးသွင်းနိုင်မည်ဖြစ်ပါသည်။ နရခအနေဖြင့် ပြည်နယ်/တိုင်း တစ်ခုနှင့်တစ်ခု လိုင်စင်စာရင်းပြောင်းရွှေ့ခြင်းနှင့်ပတ်သက်၍ လက်ရှိကိုင်ဆောင်နေသည့် လိုင်စင်/ပါမစ်လချုပ်ပြန်တမ်းများ၌ သက်ဆိုင်ရာပြည်နယ်/တိုင်း ၂ ခု၏ အတိုး/အလျှော့စာရင်းကို စိစစ်နိုင်မည်ဖြစ်ပါသည်။ သေနတ်ကိုင်ဆောင်သူသည်လည်း မိမိလက်နက်လိုင်စင်နှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်နယ်/တိုင်းနှင့်ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ပုံစံ(၃၆)လက်ခံရရှိသည့် ပြည်နယ်/တိုင်းသည် မှတ်ပုံတင်တွင် ရေးသွင်း၍ မိမိပြည်နယ်/တိုင်းမှတ်ပုံတင်ပါ လိုင်စင်အမှတ်အား ပြင်ဆင်နိုင်ရန်နှင့်သက်တမ်းတိုးကိစ္စဆောင်ရွက်နိုင်ရန်အတွက် သေနတ်ကိုင်ဆောင်သူထံ ဆက်သွယ်ဆောင်ရွက်ရပါသည်။ သက်ဆိုင်ရာခရိုင်/မြို့နယ်/ရဲစခန်းမှတ်ပုံတင်များတွင် ရေးသွင်းနိုင်ရေး အကြောင်းကြားဆောင်ရွက်ရပါသည်။

၈။ <u>အကြောင်းအမျိုးမျိုးဖြင့် ပျောက်ဆုံး/ပျက်စီး၍ လိုင်စင်စာအုပ်မိတ္တူထုတ်ပေးခြင်း။</u> ပြည်ထဲရေးဝန်ကြီးဌာန၊ သေနတ်ကိုင်ဆောင်ခွင့် လိုင်စင်/ပါမစ်စိစစ်ရေးအဖွဲ့၏ ၁၉၇၉ ခုနှစ်၊ ပြဋ္ဌာန်းချက်အရ အောက်ပါအတိုင်း ဆောင်ရွက် ရသည်-

(က) သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်စာအုပ် ပျောက်ဆုံးခြင်းမှာ ပေါ့ဆမှုကြောင့်ဟု ဆုံးဖြတ်ပါက ယင်းသို့ပျောက်ဆုံးခြင်းအတွက် ဒဏ်ငွေ ၃၀၀ ကျပ်ပေးဆောင်စေပြီးမှ သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်စာအုပ် မိတ္တူကို ထုတ်ပေးရမည်။

(ခ) သေနတ်ကိုင်ဆောင်သူ၏ ပေါ့ဆမှုကြောင့်မဟုတ်ကြောင်း ဆုံးဖြတ်ပါက ဒဏ်ငွေ ၅၀ ကျပ်ပေးဆောင်စေပြီး လိုင်စင်စာအုပ်မိတ္တူကို ထုတ်ပေးရမည်။

(ဂ) သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်စာအုပ် ဟောင်းနွမ်းစုတ်ပြတ်ပျက်စီးချို့ယွင်းနေ၍ အသစ်လဲလှယ်ထုတ်ပေးရန်ဖြစ်ပါက ငွေ

၁၀ ကျပ်ပေးသွင်းစေပြီး လိုင်စင်စာအုပ်အသစ်လဲလှယ် ထုတ်ပေးရပါမည်။

၉။ <u>အကြောင်းအမျိုးမျိုးဖြင့် ပျောက်ဆုံး/ပျက်စီး၍ ကိုင်ဆောင်ခွင့်ပါမစ် ထုတ်ပေးခြင်း။</u> အခွန်ငွေ/ဒဏ်ငွေပေးဆောင်ရခြင်းမရှိသော် လည်း လိုင်စင်စာအုပ်မိတ္တူ ထုတ်ပေးခြင်းကဲ့သို့ စိစစ်ပြီးလျှင် ကိုင်ဆောင်ခွင့်ပါမစ် ထုတ်ပေးရပါမည်။

၁၀။ <u>လိုင်စင်/ပါမစ်သက်တမ်းလဲလှယ်ခြင်း။</u> လိုင်စင်/ပါမစ်သက်တမ်း လဲလှယ်ခြင်းနှင့်ပတ်သက်၍ သေနတ်ကိုင်ဆောင်ခွင့်သက်တမ်းမှာ ပြက္ခဒိန် တစ်နှစ်ကာလအပိုင်းအခြားသာဖြစ်၍ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့များသည် နှစ်စဉ်ဒီဇင်ဘာလမှ နောက်နှစ်ဆန်း ဇန်နဝါရီလ ၃၁ ရက်အတွင်း ကျသင့်သည့် အခွန်ငွေများပေးဆောင်စေပြီး လဲလှယ်ရပါမည်။ သက်တမ်းလဲလှယ်ရေး လျှောက်ထားသူသည် မြို့နယ် ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့သို့ လျှောက်ထားရမှာ ဖြစ်ပါသည်။ ဇန်နဝါရီလ ၃၁ ရက်နေ့ကျော်လွန်ပြီးနောက် လျှောက်ထားသူများကို ယင်းပြက္ခဒိန်နှစ် နိုဝင်ဘာလမကုန်မီကာလအတွင်း ကျသင့်သည့် ဒဏ်ငွေပေးဆောင်စေ၍ လဲလှယ်ပေးနိုင်ပါသည်။ ထိုသို့လဲလှယ် ပေးရာတွင် ကုန်လွန်သောနှစ်အတွက် လဲလှယ်ပြီးဖြစ်သော လိုင်စင်/ပါမစ် များကိုသာ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့များမှ လဲလှယ်ပေးရပါမည်။ လွန်ခဲ့သော နှစ်များအတွက် လဲလှယ်ထားခြင်းမရှိပါက ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးသည် သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ် စိစစ်ရေးအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူ ပြီးမှ လဲလှယ်ပေးရပါမည်။

၁၁။ <u>ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ်ပယ်ဖျက်ခြင်း။</u> လိုင်စင်/ပါမစ် ဖြင့် သေနတ်ကိုင်ဆောင်ရာ၌ ၁၈၇၈ ခုနှစ်လက်နက်ဥပဒေနှင့်ယင်းဥပဒေအရ ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာများ၊ နည်းဥပဒေများပါ ကိုင်ဆောင်ခွင့် စည်းကမ်းသတ်မှတ်ချက်များ ဖောက်ဖျက်ခြင်း/ပေါ့ဆစွာကိုင်ဆောင်ခြင်း၊ ၁၉၇၇ ခုနှစ် လက်နက်ကိုင်ဆောင်ရေးမူပါ သေနတ်ကိုင်ဆောင်သူ အရည်အချင်း/ တာဝန်များနှင့်ကိုက်ညီမှုမရှိခြင်း၊ ပြည်ထဲရေးန်ကြီးဌာန၏ ညွှန်ကြား ချက်များ/

ပြဋ္ဌာန်းချက်များနှင့်အညီ ကိုင်ဆောင်မှုမရှိခြင်း/လိုက်နာမှုမရှိခြင်း၊ လက်နက်ခဲယမ်းပျောက်ဆုံးခြင်း/ဆုံးရှုံးခြင်းများ၊ တရားဥပဒေနှင့်မညီသည့် အမှုကိစ္စဖြစ်ပွားခြင်းများကြောင့် လိုင်စင်/ပါမစ်ကိုင်ဆောင်ခွင့်ပယ်ဖျက်နိုင်ရေး၊ လိုင်စင်လက်နက်အား နိုင်ငံတော်ပိုင်သိမ်းဆည်းနိုင်ရေးအတွက် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့များသည် လုပ်ထုံးလုပ်နည်းနှင့်အညီ သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ်စိစစ်ရေးအဖွဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှတစ်ဆင့် တင်ပြ ဆောင်ရွက်ရပါသည်။ လိုင်စင်/ဆုသေနတ်များ နိုင်ငံတော်သို့ အပြီးအပိုင်အပ်နှံခြင်းကိုလည်း အလားတူတင်ပြဆောင်ရွက်ရပါသည်။

၁၂။ <u>လက်ရှိလိုင်စင်/ပါမစ်ဖြင့် ကိုင်ဆောင်နေသော လက်နက်ခဲယမ်းများ ထိန်းသိမ်းခြင်း။</u> လိုင်စင်/ပါမစ်လက်နက်များ အပ်နှံခြင်း/ထုတ်ပေးခြင်းတို့ကြောင့် လက်ရှိလိုင်စင်/ပါမစ်ဖြင့် လက်နက်ကိုင်ဆောင်နေသူများစာရင်းမှာ အပြောင်းအလဲများ ဖြစ်ပေါ်နေမည်ဖြစ်ပါသည်။ လက်နက်မှတ်ပုံတင်များအား ဖွင့်လှစ်ထားရှိပြီး စနစ်တကျရေးသွင်းခြင်း၊ လက်ရှိ ကိုင်ဆောင်နေသော လက်နက်ခဲယမ်းများအား စစ်ဆေးခြင်း၊ ပြောင်းလဲချက်/ပြင်ဆင်ချက်များကို ရဲစခန်းအဆင့်မှ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးရုံးအထိ အဆင့်ဆင့်စိစစ်တင်ပြခြင်း၊ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲစခန်းအဆင့်အထိ အဆင့်ဆင့် အကြောင်းကြားခြင်း/ညွှန်ကြားခြင်း/စိစစ်ကြပ်မတ်စစ်ဆေးခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စဉ်ဆက်မပြတ်အပြန်အလှန်ဆက်သွယ်ဆောင်ရွက်နေမှသာလျှင် လိုင်စင်/ပါမစ်ဖြင့် လက်ရှိကိုင်ဆောင်နေသည့်လက်နက်များကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းမရှိဘဲ သေနတ်ပျောက်ဆုံးမှုဖြစ်စဉ်များ ဖြစ်ပေါ်ပြီး မလိုလားအပ်သော ပြဿနာများဖြစ်ပေါ်နိုင်ပါသည်။ သို့ဖြစ်၍ ၁၉၇၇ ခုနှစ် လက်နက်ကိုင်ဆောင်ရေးမူတွင် လုပ်ထုံးလုပ်နည်းများ ဖော်ပြထားပြီးဖြစ်သော်လည်း ပြည်ထဲရေးဝန်ကြီးဌာန သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ်စိစစ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တို့မှ လိုင်စင်/ပါမစ်လက်နက်များ ထိန်းသိမ်းရေးအတွက် အောက်ပါအချက်များကို ဖော်ပြ၍ အကြိမ်ကြိမ်ညွှန်ကြားဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်-

(က) လက်ရှိကိုင်ဆောင်နေသော လိုင်စင်/ပါမစ်လက်နက် များအား ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရဲစခန်းအလိုက် သက်ဆိုင်ရာ မှတ်ပုံတင်များတွင် စနစ်တကျစာရင်းပြုစု ထားရှိရန်နှင့် ရဲစခန်းမှတ်ပုံတင်(၁) လိုင်စင်/ပါမစ်လက်နက် ခဲယမ်းများအား ရဲလက်စွဲဒုတိယအပိုဒ်(၁၂၉၉)(၁၃၀၀) ပြဌာန်းချက်နှင့်အညီ စစ်ဆေးရန်။

(ခ) လိုင်စင်ဖြင့်ကိုင်ဆောင်ခွင့်ပြုထားသည့် ပုဂ္ဂိုလ်များ မိမိပြည်နယ်/တိုင်းမှ ပြောင်းရွှေ့သွားပါက ပြည်နယ်/တိုင်း ပြောင်းရွှေ့ပုံစံ(၃၆)ဖြင့် သက်ဆိုင်ရာပြည်နယ်/တိုင်းသို့ အကြောင်းကြားဆောင်ရွက်ရန်၊ သက်ဆိုင်ရာပြည်နယ်/တိုင်း သည် လက်ခံရရှိသည့်ပုံစံ(၃၆)ပါအမည်၊ အလုပ်အကိုင်၊ မိမိပြည်နယ်/တိုင်းသို့ ပြောင်းရွှေ့နေထိုင်မည့် နေရပ်လိပ်စာ၊ လိုင်စင်အမှတ်၊ လက်နက်အမျိုးအစား၊ နံပါတ်တို့ကို မိမိမှတ်ပုံတင်တွင် ရေးသွင်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်။

(ဂ) ပါမစ်ဖြင့်ကိုင်ဆောင်ခွင့်ပြုထားသည့် ပုဂ္ဂိုလ်များ မိမိပြည်နယ် /တိုင်းမှ ပြောင်းရွှေ့ခြင်းရှိ/မရှိ၊ ဝန်ထမ်းအဖြစ်မှရပ်စဲခြင်း/ ထုတ်ပယ်ခြင်း/အငြိမ်းစားယူခြင်း ရှိ/မရှိ စိစစ်ရန်နှင့် ကိုင်ဆောင်ရေးမူနှင့်မညီပါက သေနတ်ပြန်လည်သိမ်းဆည်း ဆောင်ရွက်ခြင်း။

(ဃ) လိုင်စင်/ပါမစ်ဖြင့်လက်ရှိကိုင်ဆောင်နေသော ပုဂ္ဂိုလ်များ ကွယ်လွန်သွားပါက သေနတ်ပြန်လည်သိမ်းဆည်းရန်။

(င) ပြည်ထဲရေးဝန်ကြီးဌာန၊ သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်/ ပါမစ်စိစစ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ လိုင်စင်/ပါမစ် လက်နက်ကိုင်ဆောင်ခွင့်များ ထုတ်ပေးရန်၊ မူနှင့်မညီ ထုတ်ပေးခြင်းမပြုရန်။

(စ ) ရဲစခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်ခရိုင်၊ ပြည်နယ်/တိုင်း လက်နက်စတိုးတာဝန်ခံအရာရှိများသည် လက်နက်ခဲယမ်း များ ထုတ်ပေးခြင်းအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များ နှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်ရန်။

(ဆ) လိုင်စင်/ပါမစ်ဖြင့် လက်ရှိကိုင်ဆောင်နေသော လက်နက် များအား နှစ်စဉ်သက်တမ်းတိုးမြှင့်ရေးဆောင်ရွက်ရန်။

(ဇ ) သက်တမ်းတိုးလဲလှယ်ပေးတိုင်း လက်ရှိအဆင့်၊ ရာထူး၊ အလုပ်အကိုင်၊ နေရပ်လိပ်စာတို့ကို ဝန်ထမ်းဖြစ်ပါက ဌာန ဆိုင်ရာထောက်ခံချက်၊ ဝန်ထမ်းမဟုတ်ပါက သက်ဆိုင်ရာ ရဲစခန်းထောက်ခံချက်ဖြင့် စိစစ်ပြီး လိုင်စင်/ပါမစ် မူရင်းနှင့် မူရင်းခွဲတို့အပြင် မှတ်တမ်းများတွင် ပြင်ဆင်ရေးသွင်းရန်။

(ဈ ) လိုင်စင်/ပါမစ်သက်တမ်းတိုးဆောင်ရွက်မှုမရှိသူများကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့များမှတစ်ဆင့် အကြောင်းကြား ၍ သက်တမ်းတိုးလဲလှယ်ရေး စိစစ်ကြပ်မတ်ဆောင်ရွက်ရန်။

(ည) အကြောင်းကြားဆောင်ရွက်သော်လည်း သက်တမ်းတိုးရန် တမင်ပျက်ကွက်ပါက အပ်နှံသိမ်းဆည်းနိုင်ရေးအတွက် နရခသို့ တင်ပြရန်။

(ဋ ) မိမိပြည်နယ်/တိုင်းအတွင်း လိုင်စင်/ပါမစ်ဖြင့် လက်ရှိ ကိုင်ဆောင်နေသော လက်နက်အားလုံးကို သက်တမ်းတိုး ဆောင်ရွက်ပြီးကြောင်းနှင့် လုပ်ထုံးလုပ်နည်း၊ မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ ကိုင်ဆောင်ခွင့်ပြုထားကြောင်းကို နှစ်စဉ်ဒီဇင်ဘာလရောက်တိုင်း နရခသို့တင်ပြရန်။

(ဌ ) လိုင်စင်/ပါမစ်ဖြင့် လက်ရှိကိုင်ဆောင်နေ လက်နက်ပြန်တမ်း တစ်ခုနှင့် တစ်ခုအတိုးအလျော့ရှိတိုင်း မည်သည့်အကြောင်း ကြောင့်တိုးသွားခြင်း၊ လျော့သွားခြင်းဖြစ်သည်ကို လိုင်စင်/ ပါမစ်လချုပ် နောက်တွဲဇယား၌ ဖော်ပြရန်။

(ဃ ) မိမိပြည်နယ်/တိုင်းအတွင်း လိုင်စင်/ပါမစ်ဖြင့် လက်ရှိကိုင်ဆောင်နေသော လက်နက်အားလုံးကို သက်တမ်းတိုးဆောင်ရွက်ပြီးကြောင်း နှင့်လုပ်ထုံးလုပ်နည်း၊ မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ ကိုင်ဆောင်ခွင့်ပြုထားကြောင်းကို နှစ်စဉ်ဒီဇင်ဘာလရောက်တိုင်း နရခသို့တင်ပြရန်။

(င ) လိုင်စင်/ပါမစ်ဖြင့် လက်ရှိကိုင်ဆောင်နေသော လက်နက်ပြန်တမ်းတစ်ခုနှင့် တစ်ခုအတိုးအလျှော့ရှိတိုင်း မည်သည့်အကြောင်းကြောင့်တိုးသွားခြင်း၊ လျှော့သွားခြင်းဖြစ်သည်ကို လိုင်စင်/ပါမစ်လချုပ်နောက်တွဲဇယားဖြင့် ဖော်ပြရန်။

(စ ) မိမိပြည်နယ်/တိုင်းအတွင်းရှိ သေနတ်ကိုင်ဆောင်သူ နေရပ်လိပ်စာပြောင်းရွှေ့ခြင်း၊ ရာထူးဌာနပြောင်းလဲခြင်း၊ သေနတ်အပ်နှံခြင်း၊ ထုတ်ပေးခြင်းများကို လိုင်စင်/ပါမစ်လချုပ်တွင် ဖော်ပြရန်။

(ဆ ) ဦးစီးဌာနနှင့်ထောက်ဌာနတို့သည် လက်နက်ခဲယမ်းကိစ္စများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများအရ ဆက်စပ်မှုရှိသဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။

၁၂။ <u>စတိုးမှတ်ပုံတင်(၄၂)၊ (၄၃)၊ (၄၄)လက်နက်ခဲယမ်းများ ထိန်းသိမ်းခြင်း။</u>
ရဲလက်စွဲ ပထမတွဲအရ စတိုးတွင် ထိန်းသိမ်းထားသော လက်နက်ခဲယမ်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာထောက်ဌာနများသည် အောက်ပါအတိုင်း ဆောင်ရွက်ရပါသည်-

(က) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ညွှန်ကြားချက်အရ လိုင်စင်လက်နက်များကို ရဲတပ်ဖွဲ့တွင် သိမ်းဆည်းထိန်းသိမ်းခွင့်မရှိ၍ သက်ဆိုင်ရာစစ်လက်နက်ပစ္စည်းတပ်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးခံ/ အပ်နှံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်(ထောက်)သို့တင်ပြဆောင်ရွက်ရသည်။

(ခ ) ပိုင်ရှင်မဲ့/အမှုပြီးပြတ်/ဖမ်းဆီး/သိမ်းဆည်း လက်နက်ခဲယမ်းများကို လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာတပ်မှ စစ်ဆေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်(ထောက်)သို့တင်ပြဆောင်ရွက်ရသည်။ အကောင်းသတ်မှတ်သည့် လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများအနက်မှ နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်သင့်သည့် လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာန၊ သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ်စိစစ်ရေး အဖွဲ့သို့ တင်ပြဆုံးဖြတ်ချက်ရယူရသည်။ နိုင်ငံတော်ပိုင်အဖြစ် မသတ်မှတ်သော လက်နက်ခဲယမ်း/ဆက်စပ်ပစ္စည်းများနှင့် မကောင်းလက်နက်ခဲယမ်း/ဆက်စပ်ပစ္စည်းများကို စစ်လက်နက် ပစ္စည်းတပ်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အပ်နှံရေးကို ဆောင်ရွက်ရသည်။

(ဂ ) နိုင်ငံတော်ပိုင်မကောင်းလက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများအား စစ်ဆေးခံ/အပ်နှံခွင့်ဆောင်ရွက်ရသည်။

(ဃ) ဌာနဆိုင်ရာအဖွဲ့အစည်းပိုင်(နိုင်ငံတော်ပိုင်) မကောင်းလက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများနှင့်ပတ်သက်၍ ၎င်းတို့ဌာနဆိုင်ရာအနေဖြင့် စစ်ဆေးခံ/အပ်နှံရေးဆောင်ရွက်ရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားဆောင်ရွက်ရသည်။

(င ) လိုင်စင်/နိုင်ငံတော်ပိုင်လက်နက်ခဲယမ်းများအား အပ်နှံလက်ခံရရှိပါက မိမိပြည်နယ်/တိုင်း၊ ခရိုင်ရဲတပ်ဖွဲ့ ဦးစီးဌာနရှိ လက်နက်လိုင်စင်ဌာနစိတ်သို့ အသိပေးအကြောင်းကြားဆောင်ရွက်ရသည်။ သို့မှသာ လက်ရှိကိုင်ဆောင်နေသော လက်နက်များနှင့်ပတ်သက်၍ ပြင်ဆင်ပြောင်းလဲချက်များကို ဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(စ ) မိမိပြည်နယ်/တိုင်းရဲတပ်ဖွဲ့ ဦးစီးဌာနရှိ လက်နက်လိုင်စင်ဌာနစိတ်မှ ပြည်ထဲရေးဝန်ကြီးဌာန၊ သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ်စိစစ်ရေးအဖွဲ့၏ ခွင့်ပြုချက်အရ လိုင်စင်/နိုင်ငံတော်ပိုင်လက်နက်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ အကြောင်းကြားမှသာ လက်နက်ခဲယမ်းထုတ်ပေးရသည်။ မူနှင့်မညီ ထုတ်ပေးမှုမရှိစေရေးအတွက် အဆင့်ဆင့်စစ်ဆေးကြပ်မတ်ဆောင်ရွက်ရသည်။

(ဆ) နိုင်ငံတော်ပိုင်သိမ်းဆည်းခြင်းနှင့်ပတ်သက်၍ ဦးစီးဌာနများမှ အကြောင်းကြားလာသည့်အခါ စနစ်တကျရေးသွင်းထိန်းသိမ်းဆောင်ရွက်ရသည်။

(ဇ ) စတိုးအသီးသီးရှိ လက်နက်ခဲယမ်းများ စစ်ဆေးရေးအတွက် ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်/ရဲစခန်းအဆင့်ဆင့်အထိ ကြပ်မတ်စစ်ဆေးရသည်။

နောက်ဆက်တွဲ(င)

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------မြို့နယ်

ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **မြို့နယ်/ပြည်နယ်/တိုင်းအတွင်း ကိုင်ဆောင်ခွင့်ရရှိထားသော သေနတ်အား မြန်မာနိုင်ငံတစ်ဝန်းလုံး တိုးချဲ့ကိုင်ဆောင်ခွင့် လျှောက်ထားခြင်း**

၁။ ကျွန်တော် ---------- သည် လိုင်စင်အမှတ်( / )ဖြင့် ကိုင်ဆောင်နေသော ----------- သေနတ်အား ( )ကို လိုင်စင်ဖြင့် ---------- မြို့နယ်/ပြည်နယ်/တိုင်းအတွင်း ကိုင်ဆောင်လျက်ရှိပါသည်။

၂။ လုပ်ငန်းတာဝန်အရ မြန်မာနိုင်ငံအရပ်ရပ်သို့ ခရီးသွားလာရပါသဖြင့် -------------- မြို့နယ်/ပြည်နယ်/တိုင်းအတွင်း ကိုင်ဆောင်ခွင့်ရရှိထားသော သေနတ်အား မြန်မာနိုင်ငံတစ်ဝန်းလုံး တိုးချဲ့ကိုင်ဆောင်ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

လျှောက်ထားသူ

အမည် ၊ ----------------

အလုပ်အကိုင် ၊ ----------------

နေရပ်လိပ်စာ ၊ ----------------

နောက်ဆက်တွဲ(စ)

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------မြို့နယ်

ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လက်ရှိကိုင်ဆောင်နေသော သေနတ်အား လွှဲပြောင်းကိုင်ဆောင်ခွင့် လျှောက်ထားခြင်း**

| | | |
|---|---|---|
| ၁။ | အမည် | - |
| ၂။ | အသက် | - |
| ၃။ | အဘအမည် | - |
| ၄။ | လူမျိုး | - |
| ၅။ | ကိုးကွယ်သည့်ဘာသာ | - |
| ၆။ | အလုပ်အကိုင် | - |
| ၇။ | နေရပ်လိပ်စာ | - |
| ၈။ | အမျိုးသားမှတ်ပုံတင်အမှတ် | - |
| ၉။ | သေနတ်လွှဲပြောင်းပေးမည့်သူ၏ | - |
| | အမည်၊ အလုပ်အကိုင် | - |
| ၁၀။ | သေနတ်အမျိုးအစားနှင့်နံပါတ် | - |
| ၁၁။ | လိုင်စင်အမှတ် | - |
| ၁၂။ | သေနတ်ကိုင်ဆောင်ခွင့်ပြုစေလိုသည့်ဒေသ | - |
| ၁၃။ | သေနတ်လွှဲပြောင်းခြင်းအကြောင်းအရင်း | - |
| ၁၄။ | လက်ရှိကိုင်ဆောင်နေသောသေနတ်ရှိ/မရှိ (ရှိပါက လိုင်စင်အမှတ်/ပါမစ်အမှတ် သေနတ်အမျိုးအစား၊ သေနတ်နံပါတ် ဖော်ပြရန်) | - |

လျှောက်ထားသူ

နောက်ဆက်တွဲ(ဆ)

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------မြို့နယ်

ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လက်ရှိကိုင်ဆောင်နေသော သေနတ်အား လွှဲပြောင်းကိုင်ဆောင်ခွင့် လျှောက်ထားခြင်း**

၁။ အမည် -

၂။ အသက် -

၃။ အဘအမည် -

၄။ လူမျိုး -

၅။ ကိုးကွယ်သည့်ဘာသာ -

၆။ အလုပ်အကိုင် -

၇။ နေရပ်လိပ်စာ -

၈။ အမျိုးသားမှတ်ပုံတင်အမှတ် -

၉။ သေနတ်လွှဲပြောင်းပေးမည့်သူ၏ -
အမည်၊ အလုပ်အကိုင် -

၁၀။ သေနတ်အမျိုးအစားနှင့်နံပါတ် -

၁၁။ လိုင်စင်အမှတ် -

၁၂။ သေနတ်ကိုင်ဆောင်ခွင့်ပြုစေလိုသည့်ဒေသ -

၁၃။ သေနတ်လွှဲပြောင်းခြင်းအကြောင်းအရင်း -

၁၄။ လက်ရှိကိုင်ဆောင်နေသောသေနတ်ရှိ/မရှိ -
(ရှိပါက လိုင်စင်အမှတ်/ပါမစ်အမှတ်
သေနတ်အမျိုးအစား၊ သေနတ်နံပါတ်
ဖော်ပြရန်)

လျှောက်ထားသူ

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------မြို့နယ်

ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လက်ရှိကိုင်ဆောင်နေသော သေနတ်အား လွှဲပြောင်းကိုင်ဆောင်ခွင့် လျှောက်ထားခြင်း**

| | | |
|---|---|---|
| ၁။ | အမည် | - |
| ၂။ | အသက် | - |
| ၃။ | အဘအမည် | - |
| ၄။ | လူမျိုး | - |
| ၅။ | ကိုးကွယ်သည့်ဘာသာ | - |
| ၆။ | အလုပ်အကိုင် | - |
| ၇။ | နေရပ်လိပ်စာ | - |
| ၈။ | အမျိုးသားမှတ်ပုံတင်အမှတ် | - |
| ၉။ | သေနတ်လွှဲပြောင်းပေးမည့်သူ၏ | - |
| | အမည်၊ အလုပ်အကိုင် | - |
| ၁၀။ | သေနတ်အမျိုးအစားနှင့်နံပါတ် | - |
| ၁၁။ | လိုင်စင်အမှတ် | - |
| ၁၂။ | သေနတ်ကိုင်ဆောင်ခွင့်ပြုစေလိုသည့်ဒေသ | - |
| ၁၃။ | သေနတ်လွှဲပြောင်းခြင်းအကြောင်းအရင်း | - |
| ၁၄။ | လက်ရှိကိုင်ဆောင်နေသောသေနတ်ရှိ/မရှိ (ရှိပါက လိုင်စင်အမှတ်/ပါမစ်အမှတ် သေနတ်အမျိုးအစား၊ သေနတ်နံပါတ် ဖော်ပြရန်) | - |

လျှောက်ထားသူ

နောက်ဆက်တွဲ(ဇ)

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး
-------မြို့နယ်
ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **သိမ်းဆည်း/အပ်နှံထားသော လိုင်စင်သေနတ်အား လွှဲပြောင်းကိုင်ဆောင်ခွင့်လျှောက်ထားခြင်း**

| | | |
|---|---|---|
| ၁။ | အမည် | - |
| ၂။ | အသက် | - |
| ၃။ | အဘအမည် | - |
| ၄။ | လူမျိုး | - |
| ၅။ | ကိုးကွယ်သည့်ဘာသာ | - |
| ၆။ | အလုပ်အကိုင် | - |
| ၇။ | နေရပ်လိပ်စာ | - |
| ၈။ | အမျိုးသားမှတ်ပုံတင်အမှတ် | - |
| ၉။ | သေနတ်လွှဲပြောင်းပေးမည့်သူ၏ | - |
| | အမည်၊ အလုပ်အကိုင် | - |
| ၁၀။ | သေနတ်အမျိုးအစားနှင့်နံပါတ် | - |
| ၁၁။ | လိုင်စင်အမှတ် | - |
| ၁၂။ | ဆွေးမျိုးတော်စပ်ခြင်းရှိ/မရှိ | - |
| ၁၃။ | သေနတ်အပ်နှံသည့် စခန်း/ဌာန/ရုံး | - |
| ၁၄။ | သေနတ်အပ်နှံသည့်ခုနှစ် | - |
| ၁၅။ | သေနတ်ကိုင်ဆောင်ခွင့်ပြုစေလိုသည့်ဒေသ | - |
| ၁၆။ | သေနတ်ကိုင်ဆောင်လိုခြင်းအကြောင်းအရင်း | - |
| ၁၇။ | လက်ရှိကိုင်ဆောင်နေသောသေနတ်ရှိ/မရှိ (ရှိပါက လိုင်စင်အမှတ်/ပါမစ်အမှတ် သေနတ်အမျိုးအစား၊ သေနတ်နံပါတ် ဖော်ပြရန်) | - |

လျှောက်ထားသူ

<u>နောက်ဆက်တွဲ(၅)</u>

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------မြို့နယ်

ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **သိမ်းဆည်း/အပ်နှံဆုသေနတ်အား လိုင်စင်ဖြင့် ပြန်လည်ထုတ်ယူကိုင်ဆောင်ခွင့်လျှောက်ထားခြင်း**

| | | |
|---|---|---|
| ၁။ | အမည် | - |
| ၂။ | အသက် | - |
| ၃။ | အဘအမည် | - |
| ၄။ | လူမျိုး | - |
| ၅။ | ကိုးကွယ်သည့်ဘာသာ | - |
| ၆။ | အလုပ်အကိုင် | - |
| ၇။ | နေရပ်လိပ်စာ | - |
| ၈။ | အမျိုးသားမှတ်ပုံတင်အမှတ် | - |
| ၉။ | သေနတ်လွှဲပြောင်းပေးမည့်သူ၏ | - |
| | အမည်၊ အလုပ်အကိုင် | - |
| ၁၀။ | သေနတ်အမျိုးအစားနှင့်နံပါတ် | - |
| ၁၁။ | လိုင်စင်အမှတ် | - |
| ၁၂။ | သေနတ်လွှဲပြောင်းပေးသူ၏ အမည်၊ အလုပ်အကိုင် | - |
| ၁၃။ | ဆွေးမျိုးတော်စပ်ခြင်းရှိ/မရှိ | - |
| ၁၄။ | သေနတ်အပ်နှံသည့် စခန်း/ဌာန/ရုံး | - |
| ၁၅။ | သေနတ်အပ်နှံသည့်ခုနှစ် | - |
| ၁၆။ | သေနတ်ကိုင်ဆောင်ခွင့်ပြုစေလိုသည့်ဒေသ | - |
| ၁၇။ | သေနတ်ကိုင်ဆောင်လိုခြင်းအကြောင်းအရင်း | - |
| ၁၈။ | လက်ရှိကိုင်ဆောင်နေသောသေနတ်ရှိ/မရှိ (ရှိပါက လိုင်စင်အမှတ်/ပါမစ်အမှတ် သေနတ်အမျိုးအစား၊ သေနတ်နံပါတ် ဖော်ပြရန်) | - |

လျှောက်ထားသူ

<u>နောက်ဆက်တွဲ(ည)</u>

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------မြို့နယ်

ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လက်ရှိကိုင်ဆောင်နေသော ဆုသေနတ်အား လွှဲပြောင်းကိုင်ဆောင်ခွင့်လျှောက်ထားခြင်း**

| | | |
|---|---|---|
| ၁။ | အမည် | - |
| ၂။ | အသက် | - |
| ၃။ | အဘအမည် | - |
| ၄။ | လူမျိုး | - |
| ၅။ | ကိုးကွယ်သည့်ဘာသာ | - |
| ၆။ | အလုပ်အကိုင် | - |
| ၇။ | နေရပ်လိပ်စာ | - |
| ၈။ | အမျိုးသားမှတ်ပုံတင်အမှတ် | - |
| ၉။ | သေနတ်လွှဲပြောင်းပေးမည့်သူ၏ အမည်၊ အလုပ်အကိုင် | - |
| ၁၀။ | သေနတ်အမျိုးအစားနှင့်နံပါတ် | - |
| ၁၁။ | လိုင်စင်အမှတ် | - |
| ၁၂။ | သေနတ်လွှဲပြောင်းပေးသူ၏ အမည်၊ အလုပ်အကိုင် | - |
| ၁၃။ | ဆွေးမျိုးတော်စပ်ခြင်းရှိ/မရှိ | - |
| ၁၄။ | သေနတ်အပ်နှံသည့် စခန်း/ဌာန/ရုံး | - |
| ၁၅။ | သေနတ်အပ်နှံသည့် ခုနှစ် | - |
| ၁၆။ | သေနတ်ကိုင်ဆောင်ခွင့်ပြုစေလိုသည့်ဒေသ | - |
| ၁၇။ | သေနတ်ကိုင်ဆောင်လိုခြင်းအကြောင်းအရင်း | - |
| ၁၈။ | လက်ရှိကိုင်ဆောင်နေသောသေနတ်ရှိ/မရှိ (ရှိပါက လိုင်စင်အမှတ်/ပါမစ်အမှတ် သေနတ်အမျိုးအစား၊ သေနတ်နံပါတ် ဖော်ပြရန်) | - |

လျှောက်ထားသူ

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------မြို့နယ်

ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **သိမ်းဆည်း/အပ်နှံထားသော လက်ဆောင်သေနတ်အား ပြန်လည်ထုတ်ယူကိုင်ဆောင်ခွင့်လျှောက်ထားခြင်း**

| | | |
|---|---|---|
| ၁။ | အမည် | - |
| ၂။ | အသက် | - |
| ၃။ | အဘအမည် | - |
| ၄။ | လူမျိုး | - |
| ၅။ | ကိုးကွယ်သည့်ဘာသာ | - |
| ၆။ | အလုပ်အကိုင် | - |
| ၇။ | နေရပ်လိပ်စာ | - |
| ၈။ | အမျိုးသားမှတ်ပုံတင်အမှတ် | - |
| ၉။ | သေနတ်လွှဲပြောင်းပေးမည့်သူ၏ | - |
| | အမည်၊ အလုပ်အကိုင် | - |
| ၁၀။ | သေနတ်အမျိုးအစားနှင့်နံပါတ် | - |
| ၁၁။ | လိုင်စင်အမှတ် | - |
| ၁၂။ | သေနတ်အပ်နှံသည့် စခန်း/ဌာန/ရုံး | - |
| ၁၃။ | သေနတ်အပ်နှံသည့်ခုနှစ် | - |
| ၁၄။ | သေနတ်ကိုင်ဆောင်ခွင့်ပြုစေလိုသည့်ဒေသ | - |
| ၁၅။ | သေနတ်ကိုင်ဆောင်လိုခြင်းအကြောင်းအရင်း | - |
| ၁၆။ | လက်ရှိကိုင်ဆောင်နေသောသေနတ်ရှိ/မရှိ (ရှိပါက လိုင်စင်အမှတ်/ပါမစ်အမှတ် သေနတ်အမျိုးအစား၊ သေနတ်နံပါတ် ဖော်ပြရန်) | - |

လျှောက်ထားသူ

နောက်ဆက်တွဲ(၅)

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------မြို့နယ်

ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လက်ဆောင်သေနတ်အား လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့် လျှောက်ထားခြင်း**

---------- ဝန်ကြီးဌာနမှ ကျွန်တော် ---------- (ရာထူး/ဌာန)သည် ----------- နိုင်ငံအစိုးရမှ လက်ဆောင်ပေးအပ်ထားသော .၃၂ ပစ္စတိုသေနတ်အမှတ်(၁၂၃၄၅၆)နှင့် .၃၂ ပစ္စတိုကျည် ၁၅ တောင့်တို့အား လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ပြုနိုင်ပါရန် လျှောက်ထားအပ်ပါသည်။

လျှောက်ထားသူ

အမည် ၊ ----------------

အဘအမည် ၊ ----------------

အလုပ်အကိုင် ၊ ----------------

နေရပ်လိပ်စာ ၊ ----------------

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------မြို့နယ်

ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **စစ်ဘက်လိုင်စင်မှ အရပ်ဘက်လိုင်စင်သို့ ပြောင်းလဲ ကိုင်ဆောင်ခွင့်လျှောက်ထားခြင်း**

| | | |
|---|---|---|
| ၁။ | အမည် | - |
| ၂။ | အသက် | - |
| ၃။ | အဘအမည် | - |
| ၄။ | လူမျိုး | - |
| ၅။ | ကိုးကွယ်သည့်ဘာသာ | - |
| ၆။ | အလုပ်အကိုင် | - |
| ၇။ | နေရပ်လိပ်စာ | - |
| ၈။ | အမျိုးသားမှတ်ပုံတင်အမှတ် | - |
| ၉။ | သေနတ်အမျိုးအစားနှင့်နံပါတ် | - |
| ၁၀။ | စစ်ဘက်ကိုင်ဆောင်ခွင့်လက်မှတ်အမှတ် | - |
| ၁၁။ | ကိုင်ဆောင်ခွင့်ပြုစေလိုသည့်ဒေသ | - |
| ၁၂။ | သေနတ်ကိုင်ဆောင်လိုခြင်းအကြောင်းအရင်း | - |
| ၁၃။ | လက်ရှိအရပ်ဘက်လိုင်စင်/ပါမစ်ဖြင့် | - |
| | ကိုင်ဆောင်နေသောသေနတ်ရှိ/မရှိ | - |
| | (ရှိပါက လိုင်စင်အမှတ်/ပါမစ်အမှတ် | - |
| | သေနတ်အမျိုးအစား၊ နံပါတ်ဖော်ပြရန်) | - |

လျှောက်ထားသူ

နောက်ဆက်တွဲ(ပ)

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး
-------မြို့နယ်
ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **နိုင်ငံတော်ပိုင်သေနတ်အား ပါမစ်ဖြင့် ထုတ်ယူကိုင်ဆောင်ခွင့်လျှောက်ထားခြင်း**

| | | |
|---|---|---|
| ၁။ | အမည် | - |
| ၂။ | အသက် | - |
| ၃။ | အဘအမည် | - |
| ၄။ | လူမျိုး | - |
| ၅။ | ကိုးကွယ်သည့်ဘာသာ | - |
| ၆။ | အလုပ်အကိုင် | - |
| ၇။ | နေရပ်လိပ်စာ | - |
| ၈။ | အမျိုးသားမှတ်ပုံတင်အမှတ် | - |
| ၉။ | သေနတ်အမျိုးအစား | - |
| ၁၀။ | နိုင်ငံတော်ပိုင်အဖြစ် သေနတ်မှတ်ပုံတင်ထားသည့် ရဲစခန်း/ရုံး | - |
| ၁၁။ | ကိုင်ဆောင်ခွင့်ပြုစေလိုသည့်ဒေသ | - |
| ၁၂။ | သေနတ်ကိုင်ဆောင်လိုခြင်းအကြောင်းအရင်း | - |
| ၁၃။ | လက်ရှိကိုင်ဆောင်နေသော သေနတ်ရှိ/မရှိ (ရှိပါက လိုင်စင်အမှတ်/ပါမစ်အမှတ် သေနတ်အမျိုးအစား၊ နံပါတ်ဖော်ပြရန်) | - |

လျှောက်ထားသူ

နောက်ဆက်တွဲ(ဏ)

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး
-------မြို့နယ်
ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လိုင်စင်ဖြင့်ကိုင်ဆောင်နေသောသေနတ်အား ပါမစ်ဖြင့် ထုတ်ယူ ကိုင်ဆောင်ခွင့်လျှောက်ထားခြင်း**

၁။ အမည် -
၂။ အသက် -
၃။ အဘအမည် -
၄။ လူမျိုး -
၅။ ကိုးကွယ်သည့်ဘာသာ -
၆။ အလုပ်အကိုင် -
၇။ နေရပ်လိပ်စာ -
၈။ အမျိုးသားမှတ်ပုံတင်အမှတ် -
၉။ သေနတ်အမျိုးအစား -
၁၀။ လိုင်စင်အမှတ် -
၁၁။ ကိုင်ဆောင်ခွင့်ပြုစေလိုသည့်ဒေသ -
၁၂။ သေနတ်ကိုင်ဆောင်လိုခြင်းအကြောင်းအရင်း -
၁၃။ လက်ရှိကိုင်ဆောင်နေသော သေနတ်ရှိ/မရှိ -
(ရှိပါက လိုင်စင်အမှတ်/ပါမစ်အမှတ် -
သေနတ်အမျိုးအစား၊ နံပါတ်ဖော်ပြရန်) -

လျှောက်ထားသူ

နောက်ဆက်တွဲ(တ)

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------မြို့နယ်

ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လိုင်စင်သေနတ်အား နိုင်ငံတော်သို့ အပြီးအပိုင် အပ်နှံခြင်း**

၁။ ကျွန်တော် -------------- သည် . ၃၈ ခြောက်လုံးပြူးသေနတ်အမှတ် (၁၂၃၄၅၆)နှင့် . ၃၈ ခြောက်လုံးပြူးကျည် ၁၂ တောင့်ကို လိုင်စင်အမှတ်( /၉၆) ဖြင့် ကိုင်ဆောင်ခွင့်ရရှိခဲ့ပါသည်။

၂။ အဆိုပါလက်နက်နှင့်ခဲယမ်းများအား ဆက်လက်ကိုင်ဆောင်လိုခြင်း မရှိပါသဖြင့် နိုင်ငံတော်သို့အပြီးအပိုင်အပ်နှံပါကြောင်း တင်ပြအပ်ပါသည်။

လျှောက်ထားသူ

| | | |
|---|---|---|
| အမည် | ၊ | ---------------- |
| အဘအမည် | ၊ | ---------------- |
| မှတ်ပုံတင်အမှတ် | ၊ | ---------------- |
| အလုပ်အကိုင် | ၊ | ---------------- |
| နေရပ်လိပ်စာ | ၊ | ---------------- |

နောက်ဆက်တွဲ(တ-၁)

သို့
မြို့နယ်ရဲတပ်ဖွဲ့မှူး
-------မြို့နယ်
ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လိုင်စင်သေနတ်အား နိုင်ငံတော်သို့ အပြီးအပိုင် အပ်နှံခြင်း**

၁။ ကျွန်တော်/ကျွန်မ -------------- ၏ဇနီး/ခင်ပွန်းဖြစ်သူ ------- သည် . ၃၈ ခြောက်လုံးပြူးသေနတ်အမှတ် (၁၂၃၄၅၆)နှင့် . ၃၈ ခြောက်လုံးပြူး ကျည် ၁၂ တောင့်ကို လိုင်စင်အမှတ်( /၉၆) ဖြင့် ကိုင်ဆောင်ခွင့်ရရှိခဲ့ပါသည်။

၂။ ကျွန်တော်/ကျွန်မ -------------- ၏ဇနီး/ခင်ပွန်းဖြစ်သူ ------- မှာ ------- ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်သည့်အပြင် ကျွန်တော်/ကျွန်မတို့မှာလည်း ဆက်လက်ကိုင်ဆောင်လိုသော ဆန္ဒမရှိပါ၍ အဆိုပါ လက်နက်ခဲယမ်းများအား နိုင်ငံတော်သို့အပြီးအပိုင်အပ်နှံပါကြောင်း တင်ပြအပ် ပါသည်။

လျှောက်ထားသူ

| | |
|---|---|
| အမည် | ၊ ---------------- |
| အဘအမည် | ၊ ---------------- |
| မှတ်ပုံတင်အမှတ် | ၊ ---------------- |
| အလုပ်အကိုင် | ၊ ---------------- |
| နေရပ်လိပ်စာ | ၊ ---------------- |

မှတ်သားရန်။ လက်နက်ကိုင်ဆောင်သူ၏ ဇနီး/ခင်ပွန်းကွယ်လွန်၍ ကျန်မိသားစုဝင်များမှ အပ်နှံခြင်းဖြစ်ပါက သားရင်း/ သမီးရင်းအားလုံးတို့၏ သဘောတူညီချက်ပါရှိရမည်။

နောက်ဆက်တွဲ(ထ)

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------မြို့နယ်

ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ဆုသေနတ်အား နိုင်ငံတော်သို့ အပြီးအပိုင် အပ်နှံခြင်း**

၁။ ကျွန်တော် -------------- သည် .၃၈ ခြောက်လုံးပြူးသေနတ်အမှတ် (၁၂၃၄၅၆)နှင့် .၃၈ ခြောက်လုံးပြူး ကျည် ၁၂ တောင့်ကို လိုင်စင်အမှတ် ( /၉၆) ဖြင့် ကိုင်ဆောင်ခွင့်ရရှိခဲ့ပါသည်။

၂။ အဆိုပါ လက်နက်ခဲယမ်းများအား ဆက်လက်ကိုင်ဆောင်လိုခြင်း မရှိပါသဖြင့် နိုင်ငံတော်သို့အပြီးအပိုင်အပ်နှံပါကြောင်း တင်ပြအပ်ပါသည်။

လျှောက်ထားသူ

| | | |
|---|---|---|
| အမည် | ၊ | ---------------- |
| အဘအမည် | ၊ | ---------------- |
| မှတ်ပုံတင်အမှတ် | ၊ | ---------------- |
| အလုပ်အကိုင် | ၊ | ---------------- |
| နေရပ်လိပ်စာ | ၊ | ---------------- |

မှတ်သားရန်။ လက်နက်ကိုင်ဆောင်သူ၏ ဇနီး/ခင်ပွန်းကွယ်လွန်၍ ကျန်မိသားစုဝင်များမှ အပ်နှံခြင်းဖြစ်ပါက သားရင်း/ သမီးရင်းအားလုံးတို့၏ သဘောတူညီချက်ပါရှိရမည်။

နောက်ဆက်တွဲ(ထ-၁)

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------မြို့နယ်

ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ဆုသေနတ်အား နိုင်ငံတော်သို့ အပြီးအပိုင် အပ်နှံခြင်း**

၁။ ကျွန်တော်/ကျွန်မ -------------- ၏ဇနီး/ခင်ပွန်းဖြစ်သူ ဦး----- သည် ႉ၃၈ ခြောက်လုံးပြူးသေနတ်အမှတ် (၁၂၃၄၅၆)နှင့် ႉ၃၈ ခြောက်လုံးပြူး ကျည် ၁၂ တောင့်ကို လိုင်စင်အမှတ်( /၉၆) ဖြင့် ကိုင်ဆောင်ခွင့်ရရှိခဲ့ပါသည်။

၂။ ကျွန်တော်/ကျွန်မ -------------- ၏ဇနီး/ခင်ပွန်းဖြစ်သူ ဦး----- မှာ ------- ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်သည့်အပြင် ကျွန်တော်/ ကျွန်မတို့မှာလည်း ဆက်လက်ကိုင်ဆောင်လိုသော ဆန္ဒမရှိပါ၍ အဆိုပါ လက်နက်ခဲယမ်းများအား နိုင်ငံတော်သို့အပြီးအပိုင်အပ်နှံပါကြောင်း တင်ပြအပ် ပါသည်။

လျှောက်ထားသူ

| | |
|---|---|
| အမည် | ၊ ---------------- |
| အဘအမည် | ၊ ---------------- |
| မှတ်ပုံတင်အမှတ် | ၊ ---------------- |
| အလုပ်အကိုင် | ၊ ---------------- |
| နေရပ်လိပ်စာ | ၊ ---------------- |

မှတ်သားရန်။ လက်နက်ကိုင်ဆောင်သူ၏ ဇနီး/ခင်ပွန်းကွယ်လွန်၍ ကျန်မိသားစုဝင်များမှ အပ်နှံခြင်းဖြစ်ပါက သားရင်း/သမီးရင်း အားလုံးတို့၏ သဘောတူညီချက်ပါရှိရမည်။

နောက်ဆက်တွဲ(ဒ)

သို့
မြို့နယ်ရဲတပ်ဖွဲ့မှူး
-------မြို့နယ်
ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လက်ရှိကိုင်ဆောင်နေသော လိုင်စင်သေနတ်အတွက် သက်တမ်းတိုးမြှင့်ပေးရေး လျှောက်ထားခြင်း**

၁။ ကျွန်တော် -----------(ဘ)-------အသက်------နှစ်၊ အမှတ် ----- နေ အမျိုးသားမှတ်ပုံတင်အမှတ် --------၏ လိုင်စင်ဖြင့်ကိုင်ဆောင်သော အောက်ဖော်ပြပါသေနတ်ကို ----------ခုနှစ်အတွက် လိုင်စင်သက်တမ်း တိုးမြှင့်လဲလှယ်ပေးရေးအတွက် တင်ပြအပ်ပါသည်-

(က) လိုင်စင်အမှတ် -------------------------
(ခ ) သေနတ်အမျိုးအစားနှင့်နံပါတ် -------------------------
(ဂ ) ခဲယမ်းအရေအတွက် -------------------------
(ဃ) အလုပ်အကိုင် -------------------------

လျှောက်ထားသူ

အမည် ၊ ----------------
အလုပ်အကိုင် ၊ ----------------
နေရပ်လိပ်စာ ၊ ----------------

နောက်ဆက်တွဲ(ဓ)

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး
-------မြို့နယ်
ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လက်ရှိကိုင်ဆောင်နေသော နိုင်ငံတော်ပိုင်သေနတ်အတွက် ပါမစ်သက်တမ်းတိုးမြှင့်ပေးရေး လျှောက်ထားခြင်း**

၁။ ကျွန်တော် -----------(ဘ)-------အသက်------နှစ်၊ အမှတ် -----နေ အမျိုးသားမှတ်ပုံတင်အမှတ် --------၏ ပါမစ်ဖြင့်ကိုင်ဆောင်သော အောက်ဖော်ပြပါသေနတ်ကို ----------ခုနှစ်အတွက် ပါမစ်သက်တမ်းတိုးမြှင့်လဲလှယ်ပေးရေးအတွက် တင်ပြအပ်ပါသည်-

(က) လိုင်စင်အမှတ် -------------------------
(ခ ) သေနတ်အမျိုးအစားနှင့်နံပါတ် -------------------------
(ဂ ) ခဲယမ်းအရေအတွက် -------------------------
(ဃ) အလုပ်အကိုင် -------------------------

လျှောက်ထားသူ

အမည် ၊ ----------------
အလုပ်အကိုင် ၊ ----------------
နေရပ်လိပ်စာ ၊ ----------------

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန

# လက်နက်ကိုင်ဆောင်ရေးမှု

၁၉၇၇-ခုနှစ်၊

ရန်ကုန်မြို့၊ ကမ္ဘာအေးသာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒု-ညွှန်ကြားရေးမှူး ဦးချစ်တင်(မှတ်ပုံတင်အမှတ် ၀၂၂၆) က
ပုံနှိပ်သည်။

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း ၁** | |
| ၁။ | နိဒါန်း .... .... | ၁ |
| | **အခန်း ၂** | |
| ၂။ | ကိုင်ဆောင်ခွင့်ပြုသော သေနတ်အမျိုးအစား .... | ၂ |
| | -လိုင်စင်ဖြင့်ကိုင်ဆောင်ခွင့်ပြုသောသေနတ်အမျိုးအစား | ၂ |
| | -ပါမစ်ဖြင့်ကိုင်ဆောင်ခွင့်ပြုသောသေနတ်အမျိုးအစား | ၃ |
| | **အခန်း ၃** | |
| ၃။ | သေနတ်ကိုင်ဆောင်ခွင့် လျှောက်ထားသူများအတွက် အရည်အချင်းသတ်မှတ်ချက် .... .... | ၅ |
| | **အခန်း ၄** | |
| ၄။ | သေနတ်ကိုင်ဆောင်ခွင့်ရရှိသူများ၏တာဝန်များ .... | ၇ |

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း ၅

၅။ ကိုင်ဆောင်ခွင့်ပြုသော သေနတ်အရေအတွက်နှင့်
ယမ်းတောင့်အရေအတွက် .... .... ၉
- သေနတ်အရေအတွက် .... .... ၉
- တဦးချင်းကိုင်ဆောင်ခွင့်ပြုသော သေနတ်အရေအတွက် ၉
- အဖွဲ့အစည်းအနေဖြင့် ကိုင်ဆောင်ခွင့်ပြုသော သေနတ်
အရေအတွက် .... .... ၁၀
- ယမ်းတောင့်အရေအတွက် .... .... ၁၀
- လိုင်စင်ဖြင့်ကိုင်ဆောင်ခွင့်ပြုသည့် သေနတ်များအတွက်
အများဆုံးထားရှိခွင့်ပြုသည့်ယမ်းတောင့် အရေအတွက် ၁၁
- ပါမစ်ဖြင့်ကိုင်ဆောင်ခွင့်ပြုသည့် သေနတ်များအတွက်
အများဆုံးထားရှိခွင့်ပြုသည့်ယမ်းတောင့် အရေအတွက် ၁၁

## အခန်း(၆)

၆။ လက်ဆောင်သေနတ်များ(Gift Guns)နှင့်
ဆုသေနတ်များ(Reward Guns) .... .... ၁၂
- လက်ဆောင်သေနတ်များ(Gift Guns) .... ၁၂
- ဆုသေနတ်များ(Reward Guns) .... .... ၁၃

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း ၇** | |
| ၇။ | လွှဲပြောင်းကိုင်ဆောင်ခွင့်စည်းကမ်းများ .... | ၁၄ |
| | -ဆုသေနတ်များလွှဲပြောင်းကိုင်ဆောင်ခွင့် .... | ၁၄ |
| | -ဓလေ့ထုံးစံအရသေနတ်များကိုလွှဲပြောင်းကိုင်ဆောင်ခွင့် | ၁၅ |
| | -အခြားနည်းလွှဲပြောင်းကိုင်ဆောင်ခွင့် .... .... | ၁၆ |
| | **အခန်း ၈** | |
| ၈။ | နိုင်ငံခြားမှ သေနတ်လက်နက်နှင့်ခဲယမ်းမီးကျောက်များ ဝယ်ယူတင်သွင်းခွင့် .... .... | ၁၇ |
| | **အခန်း ၉** | |
| ၉။ | သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ်လျှောက်ထားခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း .... .... | ၁၈ |
| | -သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်လျှောက်ထားခြင်း.... | ၁၈ |
| | -သေနတ်ကိုင်ဆောင်ခွင့်ပါမစ်လျှောက်ထားခြင်း .... | ၂၁ |
| | -အဖွဲ့အစည်းအနေဖြင့်ကိုင်ဆောင်ခွင့်ပြုသော သေနတ်များအတွက်ပါမစ်လျှောက်ထားခြင်း .... | ၂၂ |


**၂---ပ-မ-သ-စ**


-ဆုသေနတ်များ(Reward Guns)အတွက်လွှဲပြောင်း

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကိုင်ဆောင်နိုင်ရန် လိုင်စင်ကင်းလွတ်ခွင့်လက်မှတ် (Exemption Certificate)လျှောက်ထားခြင်း .... | ၂၂ |
| | -ခလေ့ထုံးစံအရသေနတ်များလွှဲပြောင်းကိုင်ဆောင်ခွင့် လျှောက်ထားခြင်း .... .... | ၂၄ |
| | -တပ်မတော်မှအငြိမ်းစားယူသည့်တပ်မတော်သားများ အား လိုင်စင်ထုတ်ပေးခြင်း .... .... | ၂၄ |


## အခန်း ၁၀


| | | |
|---|---|---|
| ၁၀။ | လက်နက်များအပ်နှံခြင်း .... .... | ၂၆ |
| | -ကိုယ်ပိုင်လက်နက်များအပ်နှံခြင်း .... .... | ၂၆ |
| | -အငှါးလက်နက်အပ်နှံခြင်း .... .... | ၂၆ |


## အခန်း ၁၁


| | | |
|---|---|---|
| ၁၁။ | လက်နက်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ်သက်တမ်း ကုန်ဆုံး၍လဲလှယ်ခြင်း .... .... | ၂၇ |
| | -လက်နက်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ်သက်တမ်း ကုန်ဆုံး၍ လဲလှယ်ရန်အချိန်သတ်မှတ်ချက် .... | ၂၇ |
| | -လက်နက်လိုင်စင်/ပါမစ်လဲလှယ်ရန်လုပ်ထုံးလုပ်နည်း | ၂၇ |

## မာတိကာ

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

### အခန်း ၁၂

၁၂။ ကိုင်ဆောင်ခွင့်ပြုထားသောလက်နက်များကိုသိမ်းဆည်းပိုင်ခွင့် .... .... .... .... .... ၂၉

### အခန်း ၁၃

၁၃။ ညွှန်ကြားချက်များရုပ်သိမ်းခြင်း .... .... ၃၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

စာအမှတ်၊ ၁၈၆ - ပရခ(၅) / ၂ / ဦး ၅
ရက်စွဲ၊ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်

သို့

စာရင်း(ခ)

အကြောင်းအရာ။ **ပြည်သူ့ရဲတပ်ဖွဲ့လက်နက်စတိုးများရှိ သေနတ်များအား မူနှင့်မညီ အငှားထုတ်ပေးနေခြင်းများ**

၁။ ပြည်နယ်/တိုင်းများတွင် ပြည်သူ့ရဲတပ်ဖွဲ့စတိုးများရှိ ခရိုင်ဝန်စာရင်းဝင် လက်နက်များနှင့်ရဲစခန်းများရှိ မှတ်ပုံတင်(၁)(၂)စာရင်းဝင်လက်နက်များကို မူနှင့် မညီ ထုတ်ယူကိုင်ဆောင်ခွင့်ပြုနေကြောင်း တွေ့ရှိရပါသည်။

၂။ အထူးသဖြင့် ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းများတွင် လိုင်စင်သေနတ်ကို ပါမစ်ဖြင့် အငှားထုတ်ပေးခြင်း၊ ပုဂ္ဂိုလ် တစ်ဦးတည်းအား ပါမစ်ဖြင့် ၂ လက်ကိုင်ဆောင်ခွင့်ပြုခြင်း၊ ပါမစ်ဖြင့်မဟုတ်ဘဲ ထောက်-၄ ပြေစာဖြင့် အငှားထုတ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၁၉၇၇ ခုနှစ်၊ လက်နက်ကိုင်ဆောင်ရေးမူ အခန်း(၅)၊ အပိုဒ်(၁၀)အရ ပြည်သူ့ဝန်ထမ်းဖြစ်လျှင် ပုဂ္ဂိုလ်တစ်ဦးအား ပါမစ်ဖြင့် နိုင်ငံတော်ပိုင်သေနတ် တစ်လက်ကို ကိုင်ဆောင်ခွင့်ပြုနိုင်ပါသည်။ အခန်း(၉)၊ အပိုဒ် (၂၀)အရ ပါမစ်ဖြင့် မြို့နယ်အတွင်း ပြည်နယ်/တိုင်းအတွင်း ကိုင်ဆောင်ခွင့်ပြုနိုင်ပါရန်။ မြန်မာနိုင်ငံ တစ်ဝန်းလုံးကိုင်ဆောင်ခွင့်အတွက် ဖြစ်ပါက ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်မှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ရရှိရန် တင်ပြဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ ၁၉၇၇ ခုနှစ်၊ လက်နက်ကိုင်ဆောင်ရေးမူ အခန်း(၁၀)၊ အပိုဒ်(၂၆)တွင် ပါမစ်ဖြင့်သေနတ်ကိုင်ဆောင်ခွင့်ရရှိထားသူသည် အခြားပြည်နယ်/တိုင်းသို့ ပြောင်းရွှေ့သည့်အခါ၊ ဝန်ထမ်းအဖြစ်မှရပ်စဲခြင်း/ထုတ်ပယ်ခြင်းခံရသည့်အခါ၊ အငြိမ်းစားယူသည့်အခါ သေနတ်နှင့်တကွ ကိုင်ဆောင်ခွင့်ပါမစ်ကို ပြန်လည် အပ်နှံရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ သို့ပါ၍ မိမိတို့ပြည်နယ်/တိုင်းများတွင် အောက်ပါအတိုင်းစိစစ် ဆောင်ရွက်ရန်နှင့် ဆောင်ရွက်တွေ့ရှိမှုအခြေအနေများကို ပြန်လည်တင်ပြရန် အကြောင်းကြားပါသည်-

(က) ပါမစ်ဖြင့်ကိုင်ဆောင်ခွင့်ပြုထားသည့် ပုဂ္ဂိုလ်များ၊ မိမိပြည်နယ်/ တိုင်းတွင် တာဝန်ထမ်းဆောင်နေခြင်း ရှိ/မရှိ စိစစ်၍ မူနှင့် မကိုက်ညီပါက ပြန်လည်အပ်နှံစေရန်။

(ခ ) ပါမစ်ဖြင့်သေနတ် ၂ လက်ကိုင်ဆောင်နေခြင်းကို မူနှင့်အညီ ဆောင်ရွက်ရန်။

(ဂ ) နှစ်စဉ်ပါမစ်သက်တမ်းတိုးမြှင့်ရေးအတွက် ဆောင်ရွက်၍ လက်ရှိလုပ်ကိုင်သည့်ဌာန၊ နေရပ်လိပ်စာတို့ကို စိစစ်ပြီးမူနှင့် အညီဆောင်ရွက်ရန်။

(ဃ) လိုင်စင်လက်နက်များကို အငှား သို့မဟုတ် ပါမစ်ဖြင့် ထုတ်ပေး ထားပါက ပြန်လည်အပ်နှံစေရန်၊ ရဲစခန်းများတွင် မှတ်ပုံတင်(၁)၊ မှတ်ပုံတင်(၂)စာရင်းဝင် သေနတ်များကို ထုတ်ပေးထားခြင်းများရှိပါက ပြန်လည်အပ်နှံစေရန်။

(င ) ကိုင်ဆောင်ခွင့်ပါမစ်ဖြင့်မဟုတ်ဘဲ အငှားထုတ်ပေးထားသော နိုင်ငံတော်ပိုင်သေနတ်များကို မူနှင့်အညီ ကိုင်ဆောင်ခွင့်ရရှိရေး ဆောင်ရွက်ရန်။

(စ ) ပြည်သူ့ဝန်ထမ်းမဟုတ်သူအား ပါမစ်ဖြင့် သေနတ်ထုတ်ပေး ထားပါက ပြန်လည်အပ်နှံစေရန်။

၆။ လက်ခံရရှိကြောင်း ပြန်ကြားရန် ညွှန်ကြားပါသည်။

× × ×

ရဲချုပ်(ကိုယ်စား)

(ဒုတိယဗိုလ်မှူးကြီးတင်စိုး)

ညွှန်ကြားရေးမှူး(စီမံ/လေ့ကျင့်)

မိတ္တူကို-

ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်၊ ထောက်ပံ့ဌာန

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

စာအမှတ်၊ ၁၈၆-ပရခ(၈) / ၂ / ဦး ၅
ရက်စွဲ၊ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

သို့

စာရင်း(ခ)

အကြောင်းအရာ။ **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မှတ်ချက်အား လိုက်နာ ဆောင်ရွက်ရေး**

ရည် ညွှန်း ချက်။ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ ၂၃-၁၂-၉၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၃/၁-၁/ပြည်သာ

၁။ ကချင်ပြည်နယ်၊ အမျိုးသားဒီမိုကရေစီ ကွန်ဂရက်ဥက္ကဋ္ဌ (မြစ်ကြီးနား မဲဆန္ဒနယ်အမှတ်(၂)ကိုယ်စားလှယ်လောင်း)ဦးဗျစ်ထူးအား အရေးပေါ်စီမံရေး အက်ဥပဒေပုဒ်မ၅(ည)ဖြင့် အရေးယူခဲ့သဖြင့် ၎င်းအား သွားရောက်ဖမ်းဆီးရာ တွင် ၎င်း၏ နေအိမ်အားရှာဖွေရာ လိုင်စင်ဖြင့်ကိုင်ဆောင်သော ၄၅ ဘိုးပစ္စတို သေနတ်၏ လိုင်စင်သက်တမ်းမှာ ၁၉၇၄ ခုနှစ်နောက်ပိုင်း သက်တမ်းတိုးမြှင့်ခြင်း မပြုဘဲ ကိုင်ဆောင်နေကြောင်းတွေ့ရှိရသဖြင့် ပုဒ်မ၅(ည)အပြင် ၄၅၄/၉၁/၁၉၅၁ ခုနှစ်လက်နက်လက်ဥပဒေပုဒ်မ ၁၉(က)အရ မြစ်ကြီးနားမြို့ အမှတ်(၁)ရဲစခန်းတွင် ထပ်မံအမှုဖွင့်ထားကြောင်း သိရှိရပါသည်။

၂။ ဦးဗျစ်ထူးကိစ္စနှင့်ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အောက်ပါအတိုင်းမှတ်ချက်ပြုပါသည်-

- လိုင်စင်သေနတ်များပြန်လည်စစ်ဆေး
- သတ်မှတ်ရက်လဲလှယ်ခြင်းမပြုက အရေးယူ
  (ပြတ်ပြတ်သားသားလုပ်သင့်)
- မလိုအပ်ဘဲလက်နက်ကိုင်ခြင်းမဖြစ်စေရန် ကြပ်မတ်သင့်။

၃။ ၁၉၇၇ ခုနှစ်၊ လက်နက်ကိုင်ဆောင်ရေးမူ အခန်း(၂)အရ ၄၅ ဘိုးပစ္စတို သေနတ်မှာ ပါမစ်ဖြင့်သာ ကိုင်ဆောင်ခွင့်ပြုနိုင်သော သေနတ်အမျိုးအစား ဖြစ်ပါသည်။ ၁၉၇၇ ခုနှစ်၊ လက်နက်ကိုင်ဆောင်ရေးမူ မပြဋ္ဌာန်းမီက လိုင်စင်ဖြင့် လက်နက်ကိုင်ဆောင်ထားသူသည် ၁၉၇၇ ခုနှစ်နောက်ပိုင်း မူနှင့်အညီ ပါမစ်ဖြင့် သေနတ်ကိုင်ဆောင်ခွင့်လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ သို့ပါ၍ မိမိပြည်နယ်/တိုင်းအတွင်း လိုင်စင်ဖြင့်ကိုင်ဆောင်သော သေနတ် များနှင့်ပတ်သက်၍ မူနှင့်ညီမညီစစ်ဆေးရန်၊ လိုင်စင်သက်တမ်းအား သတ်မှတ်ရက်အတွင်း နှစ်စဉ်လဲလှယ်ခြင်း ရှိ/မရှိအား စိစစ်အရေးယူရန်၊

ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်၏ ၈၈ အောက် ၁၂၁၁၃၀ အချိန်ပို့ကြေးနန်းအမှတ်၊ ၁ဦး၅(က)(၃) နှင့် ၈၈ အောက် ၂၁၁၆၀၀ အချိန်ပို့ကြေးနန်းအမှတ်၊ ၅ဦး၅(က)(၄)ဖြင့် လက်ရှိတပ်မတော်သားမှအပ ကျန်ပုဂ္ဂိုလ်များ၏ လိုင်စင်သေနတ်များအား သိမ်းဆည်းရန် ပြည်နယ်/တိုင်းပြည်သူ့ရဲတပ်ဖွဲ့များသို့ ညွှန်ကြားပြီးဖြစ်ပါသဖြင့် မလိုအပ်သူများထံ၌ လက်နက်များကိုင်ဆောင်နေခြင်းမရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်/တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြညှိနှိုင်းဆောင်ရွက်ရန် ညွှန်ကြားပါသည်။

၅။ ဆောင်ရွက်မှုအခြေအနေအား ပြည့်ပြည့်စုံစုံ အသေးစိတ်ပြန်လည်တင်ပြရန်အကြောင်းကြားပါသည်။

× × ×
ရဲချုပ်(ကိုယ်စား)
(ရဲမှူးကြီး လှမြင့်)
ညွှန်ကြားရေးမှူး(ဦးစီး)

မိတ္တူကို-

ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန

**ပြည်သူ့ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်း**

ရက်စွဲ/အချိန်
၈၈-အောက် ၁၂၁၁၃၀

(ပ ) ပရခ
(လ) စာရင်း(ခ)
ရကရ(လက်ကမ်း)

---

၁ဦး၅ (က)(၄)။ ယ။ လိုင်စင်ဖြင့်ကိုင်ဆောင်သည့်လက်နက်များကိစ္စ
(တစ်) မိမိတို့ ပြည်နယ်/တိုင်းအတွင်း၌ လိုင်စင်ဖြင့်ကိုင်ဆောင်နေသော လက်နက်ခဲယမ်းများကို အခြေအနေအရ ခေတ္တသိမ်းဆည်းရန် လိုအပ်သဖြင့် (၂၁-၁၀-၈၈) ၈၈ အောက် ၂၁ မတိုင်မီ အပြီး အမြန် သိမ်းဆည်းရန်။
(နှစ်) သိမ်းဆည်းရရှိသော လက်နက်ခဲယမ်းနှင့်ကျန်ရှိနေသည့် လက်နက်ခဲယမ်း အရေအတွက်တို့ကို သေနတ်အမျိုးအစားအလိုက် ခွဲခြားပြုစု၍ နေ့စဉ် တိုးတက်မှုအခြေအနေအား စိစစ်တင်ပြရန်။
(သုံး) လိုင်စင်ဖြင့်ကိုင်ဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ၏ အမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ သေနတ်အမျိုးအစားနှင့်နံပါတ်၊ လိုင်စင်အမှတ်တို့ကို လည်း စာရင်း (၃) စုံပြုစုပေးပို့ရန်။

---

ပေးပို့သည့်နည်းလမ်း ဦးစားပေးအဆင့်အတန်း
သင့်ရာနည်းဖြင့်ပို့

ရဲချုပ်(ကိုယ်စား)
(ရဲအုပ်ကြီးဝမ်းတင်)

စာအမှတ်၊ ၁၈၆ - ပရခ ( ၁ ) / ၂ / ဦး ၅
ရက်စွဲ၊ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်

# ပြည်သူ့ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်း

ရက်စွဲ/အချိန်
၈၈-အောက် ၂၁၁၆၀၀

(ပ ) ပရခ
(လ) စာရင်း(ခ)
ခပရမပါ၊ ရကရ(လက်ကမ်း)

---

၅ဦး၅ (က)(၄)။ လ၀၂။ လက်နက်သိမ်းဆည်းခြင်းကိစ္စ။

(၁) ပရခ ၈၈ အောက် ၁၂၁၁၃၀ အချိန်ပို့ကနအမှတ် ၁ဦး၅(က)(၄) ကိုညွှန်း။

(၂) ပရခ ၈၈ အောက် ၁၉၁၃၁၅ အချိန်ပို့ကနအမှတ် ၄ဦး၅(က)(၄) ကိုညွှန်း။

တစ်။ ညွှန်းကနများအရ လိုင်စင်လက်နက်များကို (၂၁-၁၀-၈၈)ရက်မတိုင်မီ သိမ်းဆည်းရန်နှင့် စနစ်တကျထိန်းသိမ်းရန် ညွှန်ကြားခဲ့။

နှစ်။ ထိုကဲ့သို့သိမ်းဆည်းရာတွင် လက်ရှိတပ်မတော်တွင် တာဝန်ထမ်းဆောင်နေသူများ၏ လိုင်စင်သေနတ်များကို သိမ်းဆည်းရန်မလိုအပ်ကြောင်း ထပ်မံညွှန်ကြားသည်။

---

ပေးပို့သည့်နည်းလမ်း ဦးစားပေးအဆင့်အတန်း
သင့်ရာနည်းဖြင့်ပို့

ရဲချုပ်(ကိုယ်စား)
(ရဲအုပ်ကြီးညွှန့်ရွှေ)

စာအမှတ်၊ ၁၈၆ - ပရခ ( ၄ ) / ၂ / ဦး ၅
ရက်စွဲ၊ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်

နောက်ဆက်တွဲ(ည)

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------မြို့နယ်

ရန်ကုန်တိုင်း

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လက်ရှိကိုင်ဆောင်နေသော ဆုသေနတ်အား လွှဲပြောင်းကိုင်ဆောင်ခွင့် လျှောက်ထားခြင်း**

| | | |
|---|---|---|
| ၁။ | အမည် | - |
| ၂။ | အသက် | - |
| ၃။ | အဘအမည် | - |
| ၄။ | လူမျိုး | - |
| ၅။ | ကိုးကွယ်သည့်ဘာသာ | - |
| ၆။ | အလုပ်အကိုင် | - |
| ၇။ | နေရပ်လိပ်စာ | - |
| ၈။ | အမျိုးသားမှတ်ပုံတင်အမှတ် | - |
| ၉။ | သေနတ်လွှဲပြောင်းပေးမည့်သူ၏<br>အမည်၊ အလုပ်အကိုင် | -<br>- |
| ၁၀။ | သေနတ်အမျိုးအစားနှင့်နံပါတ် | - |
| ၁၁။ | လိုင်စင်အမှတ် | - |
| ၁၂။ | သေနတ်လွှဲပြောင်းပေးသူ၏ အမည်၊<br>အလုပ်အကိုင် | - |
| ၁၃။ | ဆွေးမျိုးတော်စပ်ခြင်းရှိ/မရှိ | - |
| ၁၄။ | လိုင်စင်ကင်းလွတ်ခွင့်လက်မှတ်<br>(Exemption Certificate)နံပါတ်နှင့်<br>ထုတ်ပေးသည့်အာဏာပိုင် | - |
| ၁၅။ | သက်ဆိုင်ရာအဖွဲ့အစည်း/ဌာနဆိုင်ရာ<br>အကြီးအကဲ၏ထောက်ခံချက်(လိုအပ်လျှင်) | - |
| ၁၆။ | သေနတ်ကိုင်ဆောင်ခွင့်ပြုစေလိုသည့်ဒေသ | - |
| ၁၇။ | သေနတ်ကိုင်ဆောင်လိုခြင်းအကြောင်းအရင်း | - |
| ၁၈။ | လက်ရှိကိုင်ဆောင်နေသောသေနတ်ရှိ/မရှိ<br>(ရှိပါက လိုင်စင်အမှတ်/ပါမစ်အမှတ်<br>သေနတ်အမျိုးအစား၊ သေနတ်နံပါတ်<br>ဖော်ပြရန်) | - |

လျှောက်ထားသူ

**လက်ရှိလိုင်စင်ဖြင့် ကိုင်ဆောင်နေသော သေနတ်အား လွှဲပြောင်း ကိုင်ဆောင်ခွင့်လျှောက်ထားခြင်း**

| | | | |
|---|---|---|---|
| (၁) | လျှောက်လွှာ | - | မူရင်း ၃ စောင် (ပုံစံနောက်ဆက်တွဲ-စ) |
| (၂) | သေနတ်လွှဲပြောင်းစာ | - | မူရင်း ၁ စောင်နှင့် မိတ္တူ ၂ စောင် |
| (၃) | ရဲစခန်း/ဌာနဆိုင်ရာ အကြီးအကဲကက(ကြည်း) ထောက်ခံချက် | - | မူရင်း ၁ စောင်နှင့် မိတ္တူ ၂ စောင် |
| (၄) | လိုင်စင်စာအုပ် | - | မူရင်းလိုင်စင်စာအုပ် |